# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်၊ သောကြာနေ့။ | Friday, 5 June 2020 | ၁၀၀၃၄


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

# သဘာဝဂေဟစနစ်ကြီးတစ်ခုလုံး ကောင်းမွန်ချောမွေ့စွာလည်ပတ်နိုင်ရေး အလေးဂရုပြု ထိန်းသိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ**
**၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့**
**ပေးပို့သည့်သဝဏ်လွှာ**

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော နိုင်ငံသူနိုင်ငံသားများခင်ဗျား-**

ယနေ့ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခါသမယတွင် နိုင်ငံသူ နိုင်ငံသားများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂက "Biodiversity" ဟု သတ်မှတ်ထားပါသည်။ ဆောင်ပုဒ်၏အဓိကရည်ရွယ်ချက်မှာ "သဘာဝဂေဟစနစ်ကြီးထဲတွင် ဇီဝမျိုးစုံမျိုးကွဲများ အလွန်လျင်မြန်စွာဆုံးရှုံးနေမှုနှင့် သဘာဝယိုယွင်းပျက်စီးနေမှုများကို တိုက်ဖျက်နိုင်ရေးအတွက် အရေးယူဆောင်ရွက်ကြရန်" နှိုးဆော်ထားခြင်းဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝ၍ ကောင်းမွန်စွာလည်ပတ်နေသော ဂေဟစနစ်များသည် လူသားတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သော သန့်စင်သောလေ၊ သန့်ရှင်းသောရေ၊ အာဟာရပြည့်ဝသောအစားအစာများ၊ သဘာဝအခြေခံဆေးဝါးများနှင့် ကုန်ကြမ်းများကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးနေပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုများကိုလည်း လျှော့ချပေးကာ လူသားတို့ရှင်သန်မှုကို ရေရှည်တည်တံ့စေပါသည်။

ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအပါအဝင် သဘာဝပတ်ဝန်းကျင်၏ အကျိုးပြုမှု တန်ဖိုးများကို သိရှိထားပြီးဖြစ်သည့်အားလျော်စွာ ယနေ့ရင်ဆိုင်နေကြရသော ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဆိုင်ရာ ဘေးဒုက္ခများကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ကို မဖြစ်မနေထိန်းသိမ်းရန် လိုအပ်ပါသည်။

ယနေ့ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ကမ္ဘာကြီးတွင် ကြုံတွေ့နေရသော ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရေးအတွက် ကမ္ဘာတစ်ဝန်းမှ ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရများ အရှိန်အဟုန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လာစေရန် စွမ်းအားပြည့်ဝသော ပေါင်းကူးစကြံကြီးတစ်ခုဖြစ်သည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယနေ့ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် **"တို့ကမ္ဘာမြေရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီ ထိန်းသိမ်းကြစို့"** ဆောင်ပုဒ်ဖြင့် ကမ္ဘာ့နိုင်ငံများနှင့်အတူ ဆောင်ရွက်မည်ဖြစ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

# ဂျာမနီနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇွန် ၄

**ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။**



ဂျာမနီနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ရပ်နားဆိုက်ကပ်ထားသည့် အပျော်စီးသင်္ဘောများအနက် AIDAperla နှင့် AIDAblu သင်္ဘောနှစ်စင်းပေါ်တွင် နှစ်လခန့်ကြာ သောင်တင်လျက်ရှိနေသည့် မြန်မာသင်္ဘောသား ၈၉ ဦးနှင့် ဂျာမနီနိုင်ငံတွင်ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ခြောက်ဦး စုစုပေါင်း ၉၅ ဦးအား ဂျာမနီနိုင်ငံရှိ AIDA ကုမ္ပဏီက စီစဉ်ပေးသည့် အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**အသွားအလာကန့်သတ်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားစုစုပေါင်း ၂၉၂၉ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ဂုဏ်ယူဖွယ်ရာ မြန်မာ့ရုပ်ရှင်ရာပြည့်သဘင်

ရာပြည့်သဘင်အခမ်းအနားဆိုသည်မှာ နှစ်တစ်ရာမှ တစ်ကြိမ်သာ ကြုံတောင့်ကြုံခဲ ဆုံတွေ့ရသဖြင့် ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရမည့် ပွဲသဘင်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်ကာလမှစတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် ၂၀၂၀ ပြည့်နှစ်တွင် နှစ်တစ်ရာပြည့်ခဲ့ပြီဖြစ်ရာ ဖြတ်သန်းလာခဲ့သော မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်ကာလတစ်လျှောက်၌ ထွန်းတောက်ခဲ့သည့် အနုပညာဂုဏ်မြောက်မှုများကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေဝေမျှပေးကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ၂၀၂၀ ပြည့်နှစ်အစတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူလူထုရောဂါကင်းဝေးရေးအတွက် လူစုလူဝေးနှင့်ပြုလုပ်သည့် အခမ်းအနားများကို ရှောင်ရှားနေစဉ်ကာလဖြစ်ရာ နှစ်တစ်ရာပြည့် အခမ်းအနားများသာမက အခြားပွဲလမ်းသဘင်အခမ်းအနားများကို ခေတ္တဆိုင်းငံ့ထားသောအချိန်အခါနှင့် ကြုံကြိုက်နေပါသည်။ ထိုအခါ မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်အခမ်းအနားများကို ကျင်းပပြုလုပ်နိုင်ရန် အခွင့်အရေး မရရှိသေးသော်လည်း သမိုင်းဂုဏ်မြောက်သည့် ထွန်းတောက်ခဲ့သော မြန်မာ့ရုပ်ရှင်ကို ဖြစ်နိုင်သမျှ ဖော်ထုတ်ပြသကြဖို့လိုမည်ဖြစ်သည်။

လက်ရှိအချိန်အခါ၌ သင့်လျော်ရာ လူထုဆက်သွယ်ရေးယန္တရားများမှတစ်ဆင့် သမိုင်းဝင်မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ဖော်ထုတ်ပြသရေး၊ သမိုင်းဝင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် ထူးချွန်ဝါရင့်သရုပ်ဆောင်များ၊ အနုပညာရှင်များနှင့် ရုပ်ရှင်ပညာရပ်နယ်ပယ်တွင် ထူးချွန်ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းရေး၊ ကိုယ်တွေ့သတင်းဆောင်းပါးများ ရေးသားရိုက်ကူးဖော်ပြရေး၊ သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားများ၊ ရုပ်ရှင်တေးသီချင်းများ၊ ရုပ်ရှင်ရာပြည့်အစီအစဉ်များနှင့် ရုပ်ရှင်အကယ်ဒမီသမိုင်းကြောင်းများ ပြသနိုင်ရေးနှင့် ရုပ်မြင်သံကြားအစီအစဉ်တွင် ထုတ်လွှင့်ပြသရေးတို့ကို စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းတစ်လျှောက်တွင် အနုပညာဂုဏ်မြောက်သည့် ဆန်းသစ်တီထွင်မှုများဖြင့် ပြောင်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။ တစ်ခေတ်တစ်ခါက ရုပ်ရှင်လောကသားများ၊ ရုပ်ရှင်စက်ကိရိယာပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများကို မြန်မာ့ရုပ်ရှင် ငွေရတု၊ ရွှေရတု၊ စိန်ရတုအခမ်းအနားများတွင် ခင်းကျင်းပြသနိုင်ခဲ့ပြီး ယင်းမှတ်တမ်းများကိုလည်း ယခုအခါ ပြန်လည်ဖော်ထုတ် ပြသကြရမည်ဖြစ်သည်။ ခေတ်အဆက်ဆက် ရိုက်ကူးပြသခဲ့သော မြန်မာ့ရုပ်ရှင်စင်မြင့်ပေါ်မှ မြန်မာ့ယဉ်ကျေးမှု ဆင်ယင်ထုံးဖွဲ့မှုနှင့် မြန်မာတို့၏ဓလေ့စရိုက်ဟန်ပန်အမူအရာများမှာ နှောင်းလူတို့ သိရှိလေ့လာမှတ်သားဖွယ်ရာများဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုဖြစ်ပေါ်ရေးသည် ဝတ္ထု၊ ဇာတ်ညွှန်းတစ်ခုအပေါ်တွင် တည်မှီသဖြင့် စာပေသည် ရုပ်ရှင်ဇာတ်လမ်းတစ်ခုအတွက် ရေသောက်မြစ်ဖြစ်သည်။ ပုဂံခေတ် ရာဇကုမာရ်ကျောက်စာအရ မြန်မာစာပေသည် ကျေးဇူးတရားသိတတ်ခြင်းများနှင့်စခဲ့သည်ဟု ဆိုသည့်အတိုင်း စာပေကိုအခြေခံသည့် မြန်မာ့ရုပ်ရှင်သည်လည်း တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုသည့် ကျေးဇူးတရားများကို ဖော်ညွှန်းခဲ့ပေသည်။ ထိုသို့ဖော်ညွှန်းခဲ့သော တစ်ခေတ်တစ်ခါက အနုပညာဂုဏ်မြောက်သည့် မြန်မာ့ရုပ်ရှင်ကို နှစ်တစ်ရာပြည့်ကာလတွင် အမြတ်တနိုးတန်ဖိုးထား၍ ပြန်လည်ဂုဏ်ပြုထုတ်ဖော်ရန် သက်ဆိုင်သူအသီးသီးတို့၌ တာဝန်ရှိပေသည်။

ရုပ်ရှင်သည် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ အနုပညာရတနာသိုက်ကြီးပင်ဖြစ်သည်။ ရုပ်ရှင်မှ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ သုတ၊ ရသ ပေါင်းစုံတို့ကို ပေးစွမ်းနိုင်သည်။ ထိုထိုသောဂုဏ်အင်များကို ပေးစွမ်းနိုင်သည့် မြန်မာ့ရုပ်ရှင်လောကကြီး ခိုင်မာရင့်ကျက် တည်တံ့လာစေရန် အားထုတ်ကြိုးပမ်းလုပ်ဆောင်ခဲ့သော ရုပ်ရှင်လောကသားများအားလုံးကို ဂုဏ်ပြုရမည်ဖြစ်သည်။ ရွှေရတုခေတ်၊ ငွေရတုခေတ်၊ စိန်ရတုခေတ် ခေတ်အဆက်ဆက် မြန်မာ့ရုပ်ရှင်ကို မြှင့်တင်ဖော်ဆောင်ခဲ့ကြသည့် ရုပ်ရှင်ပညာရှင်ကြီးများ၏အမွေကို လက်ဆင့်ကမ်း ခံယူကြရမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် အကြောင်းအမျိုးမျိုးကြောင့် လက်ရှိကာလတွင် မှေးမှိန်နေသော်ငြားလည်း နှစ်တစ်ရာပြည့်သည့် ယခုအချိန်တွင် တစ်ခေတ်တစ်ခါက ထွန်းတောက်ခဲ့သည့် မြန်မာ့ရုပ်ရှင်ကို ပြန်လည်ဖော်ထုတ်ပြသခြင်းဖြင့် ဂုဏ်ယူဖွယ်ရာ စိတ်ဓာတ်ခွန်အားများ တိုးပွားလာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ အစဉ်အလာကြီးမားသည့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားဖွယ်ရာ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ထုံးတမ်းစဉ်လာဓလေ့စရိုက်များကို ဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူမှုလောက ဖြစ်ပျက်ပြောင်းလဲလာမှုနှင့်အတူ မြန်မာ့ရုပ်ရှင်သည်လည်း မှေးမှိန်တိမ်မြုပ်နေခြင်းမရှိဘဲ အစဉ်ရှင်သန်ဖြစ်တည်နေစေရန်အတွက် စိန်ရတု၊ ရွှေရတု၊ ငွေရတုခေတ်မှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်နှင့် ရုပ်ရှင်အနုပညာရှင်များ၏ဂုဏ်ဒြပ်တို့ကို မျိုးဆက်သစ်အနုပညာရှင်များနှင့် မျက်မှောက်ကာလ ပြည်သူများအား ပြန်လည်ဖော်ထုတ်အသိပေးခြင်းဖြင့် မြန်မာ့ရုပ်ရှင်ကို ဝိုင်းဝန်းအားပေးကြရမည်ဖြစ်ပါကြောင်း။ ။

## တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၇/၂၀၂၀**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

### တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးရဲမင်းဦး ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တရားလွှတ်တော်ရှေ့နေများကောင်စီ**
**ကြေညာချက်အမှတ် ၁/၂၀၂၀**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

### တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ကြေညာခြင်း

တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၄ နည်းဥပဒေခွဲ (က)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက် (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်၊ တနင်္ဂနွေနေ့) နံနက် ၀၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအတွင်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေများကောင်စီ

## တရားလွှတ်တော်ရှေ့နေများကောင်စီ

### အသိပေးကြေညာခြင်း

၁။ တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲကို ၂-၈-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၀၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအတွင်း ပြုလုပ်မည်ဖြစ်ပြီး တိုင်းဒေသကြီး / ပြည်နယ်များအလိုက် မဲဆန္ဒနယ်များ ဖွဲ့စည်းပြီးဖြစ်ပါသည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄ အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တရားလွှတ်တော်ရှေ့နေသည် မိမိဆန္ဒမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲစာရင်း၌ အမည်ထည့်သွင်းပေးရန် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ပုံစံ (၁) ဖြင့် ၁၃-၆-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၃။ ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံလိုသော တရားလွှတ်တော်ရှေ့နေသည် ကောင်စီဝင်လောင်းအဆိုပြုလွှာ ပုံစံ (၄) ကို ၁၈-၆-၂၀၂၀ ရက်နေ့ ထက်မစော၊ ၃-၇-၂၀၂၀ ရက်နေ့ထက် နောက်မကျဘဲ အတွင်းရေးမှူး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ရုံးအမှတ် ၂၅၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။

၄။ အထက်ပါပုံစံများကို သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ခရိုင်ဥပဒေရုံးတွင်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး Website တွင်လည်းကောင်း ရယူနိုင်ပါသည်။

၅။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website – www.oag.gov.mm နှင့် www.mlis.gov.mm တို့တွင် ဖော်ပြထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများကောင်စီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၀၀၀ | ၃၀၃ | ၃,၂၁၁,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၀၀ | ၁,၄၀၂ | ၅,၃၃၃,၃၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၁၆၃ | ၄၅၆,၄၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၆၄၁ | ၁,၇၃၀,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၄

ရန်ကုန်(ရွှေဈေး) ၁၂၁၂၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၂၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ် | ၅၃၀/၅၆၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၇၀ ကျပ် | ၅၁၅/၅၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၅၀/၅၇၀ ကျပ် | ၆၀၅/၆၄၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀/၄၆၀ ကျပ် | ၄၈၀/၅၀၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၅/၄၇၀ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၀/၄၄၅ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၃.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၂.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၄၂၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၈.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၆၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၈.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၆.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၁၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

# ပြည်သူသာလျှင် အဓိက

**မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ထောင်ရေးအပါအဝင် သမိုင်းတွင်စေမည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေး၌ နိုင်ငံ၏ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် အဖိုးတန် သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရေးသည်လည်း အရေးကြီးသောကဏ္ဍမှ ပါဝင်ပါသည်။**

❍ ရွှေ့ဖုံးမှ

ဂေဟစနစ်ဝန်ဆောင်မှုများ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံနှင့် မူဝါဒလုပ်ငန်းအဖွဲ့၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝဂေဟစနစ် ယိုယွင်းပျက်စီးလာမှုကြောင့် "ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူတိုင်းကျန်းမာရေးနှင့် သာယာဝပြောရေး၊ စားသုံးမှုနှင့် ထုတ်လုပ်မှု ရေရှည်စဉ်ဆက်မပြတ် မျှတစေရေး၊ ရေရှည်တည်တံ့သော မြို့ပြများဖြစ်ထွန်းလာစေရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ ပင်လယ်သမုဒ္ဒရာများ၊ ရေနှင့် မြေသယံဇာတများအား ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ၏ ၈၀ ရာခိုင်နှုန်းကို ယိုယွင်းလျော့နည်းသွားစေနိုင်ကြောင်း ဖော်ပြထားသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အဓိကကျသည့် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော နိုင်ငံသူနိုင်ငံသားများခင်ဗျား–**

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် သဘာဝကို အခြေခံသည့်ဖြေရှင်းမှု (Nature based Solution) ကို ပြည့်ပြည့်ဝဝ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ကမ္ဘာ့နိုင်ငံများက လက်ခံထားကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂက ရာသီဥတုပြောင်းလဲမှုပြဿနာများကို တွန်းလှန်နိုင်ရေးနှင့် စားနပ်ရိက္ခာနှင့် သန့်ရှင်းသောရေဖူလုံမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းမှုတို့ကို မြှင့်တင်နိုင်ရေးအတွက် ပျက်စီးယိုယွင်းနေသောဂေဟစနစ် ပြန်လည်ထိန်းသိမ်းမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၂၀၂၁ မှ ၂၀၃၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထိန်းသိမ်းရေး ဆယ်စုနှစ် (UN Decade on Ecosystem Restoration) အဖြစ် သတ်မှတ်ထားပါသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်သည် ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပြန်လည်ထိန်းသိမ်းရန် ကမ္ဘာ့နိုင်ငံအားလုံး၏ ကတိကဝတ်များအဖြစ် အရေးကြီးသောနှစ်တစ်နှစ် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ထောင်ရေးအပါအဝင် သမိုင်းတွင်စေမည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေး၌ နိုင်ငံ၏ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် အဖိုးတန်သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရေးသည်လည်း အရေးကြီးသောကဏ္ဍမှ ပါဝင်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော နိုင်ငံသူနိုင်ငံသားများခင်ဗျား–**

၂၀၃၀ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များဆိုင်ရာ ကတိကဝတ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအနှီးများကို ထိန်းသိမ်းကာကွယ်ရာတွင် အမြော်အမြင်ရှိစွာ ဂရုပြုစီမံခန့်ခွဲရန် လိုအပ်ချက်အရ နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ကို ရရှိနိုင်ရေးအတွက် ရေရှည်မဟာဗျူဟာမြောက် လမ်းညွှန်ချက်အဖြစ် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ချမှတ်ထားပြီးဖြစ်ပါသည်။

အလားတူ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များသို့ ရောက်ရှိရေးဆောင်ရွက်ရာတွင် ရာသီဥတုပြောင်းလဲမှုများကို ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် နိုင်ငံအဖြစ် ဖော်ဆောင်နိုင်ရန် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀ ပြည့်နှစ်) တို့ကို ချမှတ်ထားပြီးဖြစ်သည့်အပြင် စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်ရန် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့ကြုံတွေ့နေရသည့် သစ်တောပြုန်းတီးခြင်း၊ တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသများကိုကျူးကျော်ခြင်းနှင့် တရားမဝင်ရောင်းဝယ်ခြင်း၊ စနစ်တကျစီမံမှုမရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ အလွန်အကျွံချဲ့ထွင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုများပြားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် ရာသီဥတုပြောင်းလဲမှုကို လျင်မြန်စေခြင်းတို့သည် လူသားတို့၏ ဆောင်ရွက်မှုများကြောင့်ဖြစ်ပြီး သဘာဝ၏ဟန်ချက်ညီမှုကို ပြိုကွဲပျက်စီးစေပါသည်။

သက်ရှိများအား သဘာဝအလျောက် ကာကွယ်ပေးနေသည့် သဘာဝဂေဟစနစ် ပျက်စီးယိုယွင်းမှုကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်သောရောဂါများ ဖြစ်ပွားကူးစက် ပျံ့နှံ့နိုင်သည့် အခြေအနေများကို ဖန်တီးဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သဘာဝဂေဟစနစ်ကြီးတစ်ခုလုံး ကောင်းမွန်ချောမွေ့စွာ လည်ပတ်နိုင်ရေးကို အလေးဂရုပြုထိန်းသိမ်းကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆုံးဖြတ်စီမံမှုလုပ်ငန်းစဉ်များတွင် စနစ်တကျပေါင်းစပ်ဆောင်ရွက်ရန် အရေးကြီးသည့်အချိန်အခါ ဖြစ်ပါသည်။ ယခုအချိန်သည် နိုးထရန်၊ သတိပြုရန်၊ သဘာဝနှင့်လူသားတို့၏ဆက်ဆံရေး ပြန်လည်ကောင်းမွန်အောင် ပုံဖော်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီသော ကမ္ဘာကြီးအဖြစ် ပြန်လည်တည်ဆောက်ကြရန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်က သတိပေး မီးမောင်းထိုးပြလျက်ရှိပါသည်။ အလားတူ မေလ ၂၂ ရက်နေ့တွင် ကျရောက်ခဲ့ပြီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "ကျွန်ုပ်တို့၏အဖြေများသည် သဘာဝတရားထဲတွင် ရှိနေသည်" "Our Solutions are in Nature" ကလည်း ယနေ့ရင်ဆိုင်နေကြရသော ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးယိုယွင်းနေမှုကို ဖြေရှင်းဆောင်ရွက်ရမည့်အဖြေသည် သဘာဝထဲတွင်သာ ရှိနေကြောင်း ဖော်ညွှန်းထားပါသည်။

**ချစ်ခင်လေးစားအပ်ပါသော နိုင်ငံသူနိုင်ငံသားများခင်ဗျား–**

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် အစဉ်ဖြစ်ပျက်ပြောင်းလဲနေမှုများအား သတိမူပြီး လက်တွေ့ကျသည့် နည်းလမ်းများကို မျက်ခြည်မပြတ်လေ့လာ၍ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုကိုခံနိုင်ရည်ရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အဓိကရည်မှန်းချက်များအဖြစ်ထားရှိပြီး အမျိုးသားပတ်ဝန်းကျင်ရေးရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများနှင့် မဟာဗျူဟာများ၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာရည်မှန်းချက်များကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအဖြစ် သက်ဆိုင်ရာကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးမှုအစီအမံများတွင် ထည့်သွင်းပေါင်းစပ်ကာ တာဝန်ကိုယ်စီ၊ လက်တွဲညီညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးသည် ဒင်္ဂါးတစ်ပြား၏ တစ်ဖက်တစ်ချက်ဖြစ်ကြောင်း တင်စားပြောဆိုကြသည့်အတိုင်း ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များ လျော့ပါးပျောက်ကွယ်မှုကို ရပ်တန့်နိုင်ရေးအတွက် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်အား ခိုင်မာသော ရည်မှန်းချက်များဖြင့် လက်တွေ့လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို ဖော်ဆောင်ရာတွင် ဒေသဆိုင်ရာ၊ နိုင်ငံတကာနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရန် ယနေ့ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

နိုင်ငံသူနိုင်ငံသားအားလုံး သဘာဝ (Nature) ကို ချစ်ခင်မြတ်နိုးသူများ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သူများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များကို တန်ဖိုးထားသူများဖြစ်ကြပြီး စိမ်းလန်းစိုပြည်သာယာလှပသည့် အမိမြန်မာနိုင်ငံတော်ဖြစ်အောင် စုပေါင်းပုံဖော်ကြပါရန် အလေးအနက် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဝင်းမြင့်
နိုင်ငံတော်သမ္မတ

---

❒ ကျောဖုံးမှ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီများ၏ ဆောင်ရွက်နေမှု၊ တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ယနေ့အထိ Rapid Test Kit ဖြင့် ၃၄၃၇ ဦး၊ PCR နည်းဖြင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဌာန(ရန်ကုန်)တွင် ၂၇ ဦး၊ တပ်မတော်ဆေးသုတေသနတပ်တွင် ၂၀၆ ဦး၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီးတွင် ၅၄၃ ဦးနှင့် အမှတ်(၃) တပ်မတော်ဆေးရုံတွင် ၂၇ ဦး စုစုပေါင်း PCR နည်းဖြင့် ၈၀၃ ဦး၊ Cobas 6800 နည်းဖြင့် အမှတ်(၁)တပ်မတော်ဆေးရုံကြီးတွင် ၈၂၄ ဦး၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် ၆၇၀ စုစုပေါင်း Cobas 6800 နည်းဖြင့် ၁၄၉၄ ဦး စစ်ဆေးပေးနိုင်ခဲ့ပြီး ပိုးတွေ့ရှိသူ ငါးဦးရှိသည့် အခြေအနေ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည် ၁၈ ဦးအနက် လေးဦးတွင် ရောဂါပိုးတွေ့ရှိရပြီး တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်မှ ပြည်သူ့ဆေးရုံများသို့ ဆေးအကာအကွယ်ပစ္စည်းများလှူဒါန်းမှုနှင့် ဆေးရုံတက်လူနာများအား အာဟာရဖြည့်စွက်စာ ကျွေးမွေးမှုသည် ကောင်းမွန်သည့် ဆောင်ရွက်မှုများဖြစ်ပြီး ဆေးရုံတက်ရောက်နေသည့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စားရေးသောက်ရေးတွင် အခက်အခဲများကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် လူနာများပြားသည့် ဆေးရုံများတွင် တန်ဖိုးသင့် ထမင်း၊ ဟင်းလျာများ ရောင်းချပေးခြင်းအားဖြင့် လူနာများ၊ လူနာစောင့်များ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း။

COVID–19 ရောဂါနှင့် တုပ်ကွေးရောဂါတို့သည့် ရောဂါလက္ခဏာအချို့ တူညီနေသဖြင့် အဆိုပါအချက်အလက်များကို ပြည်သူလူထုသိရှိအောင် ပညာပေးမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျရောက်လာနိုင်သော သဘာဝဘေးအန္တရာယ်တို့အတွက် ကြိုတင်ကာကွယ်ပြင်ဆင်မှုများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် COVID–19 နှင့် အခြားရောဂါများ ဖြစ်ပေါ်လျက်ရှိရာ ဆက်စပ်လျက်ရှိသော နယ်မြေများတွင် အထူးသတိထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



❖ ကိုဗစ်-၁၉ မှ

အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ + ၃ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးတို့တွင် ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Tran Tuan Anh က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်သည်။ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အပြင် အာဆီယံစီးပွားရေးအကြံပေးကောင်စီမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည်။

အာဆီယံ + ၃ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် + ၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၏ ပထမပိုင်းအစီအစဉ်အဖြစ် အာဆီယံစီးပွားရေး အကြံပေးကောင်စီနှင့် မိတ်ဖက်စီးပွားရေးကဏ္ဍ အဖွဲ့အစည်းများက တင်ပြသည့် ပူးတွဲကြေညာချက် COVID–19 in ASEAN: A call for action on dealing with the crisis in post–pandemic economic recovery အပေါ် ဝန်ကြီးများက ဆွေးနွေးအကြံပြုခဲ့ကြသည်။

**ဆွေးနွေးအမြင်ချင်းဖလှယ်**

အစည်းအဝေး၏ ဒုတိယပိုင်းအစီအစဉ်အဖြစ် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ ဝန်ကြီးများက မိမိတို့နိုင်ငံအလိုက် ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ထိခိုက်သည့် စီးပွားရေးကဏ္ဍများအပေါ် ကုစားသည့်အစီအစဉ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး အာဆီယံနိုင်ငံများအကြား ကျန်းမာရေးနှင့် လူမှု–စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအားလည်းကောင်း၊ ဒေသတွင်းထုတ်လုပ်မှု ကွင်းဆက်များ ခိုင်မာအားကောင်းစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးအတွက်လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် စီးပွားရေးဝန်ကြီးများက ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၄ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံအထူးထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များ၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်မည့် ဟန္နိုင်းရှေ့လုပ်ငန်းစဉ် (Hanoi Plan of Action on Strengthening ASEAN Economic Cooperation and Supply Chain Connectivity in Response to the COVID–19 Pandemic) ကို အတည်ပြုခဲ့ကြသည်။

**ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေ**

ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံတွင် အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်နေမှုများ၊ စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် ကိုဗစ်-၁၉ စီးပွားရေး ကုစားရေးအစီအစဉ်ကို ရေးဆွဲချမှတ်၍ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ဆေးဝါးများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ တင်သွင်း၊ တင်ပို့မှုလုပ်ငန်းများနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် ထုတ်လုပ်မှုကွင်းဆက် ခိုင်မာချောမွေ့စေရေးအတွက် နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အာဆီယံ + ၃ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ ဝန်ကြီးများက အာဆီယံ + ၃ အထူးထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များ၏ ညွှန်ကြားချက်အတိုင်း ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသော စီးပွားရေးထိခိုက်မှုများကို လျှော့ချနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်အတွက် ဒေသတွင်းဈေးကွက်ကို ဆက်လက်ဖွင့်လှစ်ထားရှိရန် အရေးကြီးမှု၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းနိုင်ရေးအတွက် အကောက်ခွန်မဟုတ်သည့် အတားအဆီးများ ဖယ်ရှားရန် လိုအပ်မှု၊ စီးပွားရေးလုပ်ငန်းရှင်များ ရွှေ့ပြောင်းသွားလာမှုအတွက် ကန့်သတ်ချက်များ ဖြေလျှော့ရန် လိုအပ်နေမှုအပါအဝင် အာဆီယံ + ၃ အရေးပေါ်အရန်ဆန် ထားရှိဆောင်ရွက်မည့် အစီအစဉ်ကို အကျိုးရှိစွာအသုံးပြုရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် စီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် ကဏ္ဍများကို ပံ့ပိုးပေးသည့် အစီအမံများကိုလည်းကောင်း၊ ဒေသတွင်း ထုတ်လုပ်မှုကွင်းဆက်များ ပိုမိုခိုင်မာစေရေးနှင့် ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးတို့ကိုလည်းကောင်း အလေးထား ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် ဝန်ကြီးများက ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပွားသော စီးပွားရေးထိခိုက်မှုများကို လျှော့ချနိုင်ရေး အာဆီယံ + ၃ စီးပွားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက် (ASEAN Plus Three Economic Ministers’ Joint Statement on Mitigating the Economic Impact of the COVID–19) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အာဆီယံနှင့် + ၃ နိုင်ငံ ခေါင်းဆောင်များ၏ လမ်းညွှန်ချက်အရ ထုတ်လုပ်မှုကွင်းဆက်များ ဆက်လက်ဖွင့်လှစ်ထားရှိရန် လိုအပ်မှု၊ ဆေးဝါး၊ စားသောက်ကုန်များအပါအဝင် အရေးကြီးကုန်စည်များ ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့စေရေးဆောင်ရွက်မှုနှင့် အရေးကြီးကုန်စည်များအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် နိုင်ငံတကာ စည်းမျဉ်းများနှင့်အညီ ကုန်စည်များ လွတ်လပ်စွာ စီးဆင်းရေးအတွက် အကောက်ခွန်မဟုတ်သည့် အတားအဆီးများဖယ်ရှားရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်မှုများ၊ ထိခိုက်မှုအများဆုံးခံစားရသည့် စီးပွားရေးကဏ္ဍများအတွက် လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် အစိုးရ၏ ပံ့ပိုးဆောင်ရွက်မှုများ၊ ကူးစက်ရောဂါအလွန် စီးပွားရေး ပြန်လည်တိုးတက်ရေးဆောင်ရွက်မည့် အစီအမံများနှင့် ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး၊ ကုသရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးသည်။

အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိ ဦးသန်းအောင်ကျော်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

---

❈ **နိုင်ငံတော်အစိုးရမှ**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ E-mail–ir.pso.moi2015@gmail.com သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ကျင်းပမည့်ရက်နှင့် ရှင်းလင်းမည့်အဖွဲ့အစည်း အပြောင်းအလဲရှိပါကလည်း ကျင်းပမည့်ရက်မတိုင်မီ ထပ်မံ၍ ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည့်နေ့ရက်များ**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရှင်းလင်းမည့်ရက် | မှတ်ချက် |
|---|---|---|---|
| ၁။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၈-၆-၂၀၂၀ | |
| ၂။ | နယ်စပ်ရေးရာဝန်ကြီးဌာန | (တနင်္လာနေ့) | |
| ၃။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | |
| ၄။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၀-၆-၂၀၂၀ | |
| ၅။ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | (ဗုဒ္ဓဟူးနေ့) | |
| ၆။ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁၂-၆-၂၀၂၀ | |
| ၇။ | ပညာရေးဝန်ကြီးဌာန | (သောကြာနေ့) | |
| ၈။ | နေပြည်တော်ကောင်စီ | | |
| ၉။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | | |
| ၁၀။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၁၅-၆-၂၀၂၀ | |
| ၁၁။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | (တနင်္လာနေ့) | |
| ၁၂။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | |
| ၁၃။ | ပြန်ကြားရေးဝန်ကြီးဌာန | ၁၇-၆-၂၀၂၀ | |
| ၁၄။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | (ဗုဒ္ဓဟူးနေ့) | |
| ၁၅။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | |
| ၁၆။ | နိုင်ငံခြားရေးဝန်ကြီးဌာန/အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ၁၉-၆-၂၀၂၀ | |
| ၁၇။ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | (သောကြာနေ့) | |
| ၁၈။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | | |
| ၁၉။ | ပြည်ထဲရေးဝန်ကြီးဌာန | ၂၂-၆-၂၀၂၀ | |
| ၂၀။ | ကာကွယ်ရေးဝန်ကြီးဌာန | (တနင်္လာနေ့) | |
| ၂၁။ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | | |
| ၂၂။ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၂၄-၆-၂၀၂၀ | |
| ၂၃။ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (ဗုဒ္ဓဟူးနေ့) | |
| ၂၄။ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | | |
| ၂၅။ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၂၆-၆-၂၀၂၀ | |
| ၂၆။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | (သောကြာနေ့) | |
| ၂၇။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | | |

---

## ချောင်းဆုံမြို့နယ် တောင်စွန်းမျိုးစေ့ထုတ်သမဝါယမအသင်းလီမိတက်က ပေါ်ဆန်းယဉ်မျိုးစပါးများ ဖြန့်ဖြူးရောင်းချလျက်ရှိ



**ချောင်းဆုံ ဇွန် ၄**

ချောင်းဆုံမြို့နယ် တောင်စွန်းမျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက်မှ အသင်းသား တောင်သူများသည် လယ်ဧက ၁၀၀ ပေါ်တွင် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီရယူလျက် ပေါ်ဆန်းယဉ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ယင်းစပါးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့ခေတ်ခွဲစစ်ဆေးမှု ခံယူရာ မျိုးစပါးသည် မျိုးစေ့အဆင့် (CS)၊ မျိုးစေ့သန့်စင်မှု ၉၈ ရာခိုင်နှုန်း၊ မျိုးစေ့ အစိုပေါက် ၁၃ ရာခိုင်နှုန်းဖြစ်ပြီး စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျှမ်းမျှတင်း ၅၀ ခန့် ထွက်ရှိသည်။ မျိုးစပါးရောင်းချမှုအနေဖြင့် သမဝါယမအသင်းသား တောင်သူများနှင့် ပြည်သူများထံသို့ မျိုးစပါးတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ရှမ်းပြည်နယ်ဒေသထွက်သီးနှံထုတ်ကုန်များအား ဝယ်ယူရောင်းချ

**ထားဝယ် ဇွန် ၄**

ယခုကာလသည် ပြည်ပသို့ ပို့ကုန်တင်ပို့ရန် အခက်အခဲဖြစ်နေသော ရှမ်းပြည်နယ်ရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီပေးရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် ပူးပေါင်းချိတ်ဆက်၍ သီးနှံစိုက်ပျိုးသော တောင်သူများထံမှ ဂေါ်ဖီအထုပ် ၇၀၀၀ ကို ဝယ်ယူ၍ ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းမြို့နယ်များရှိ သမဝါယမအသင်းသားပြည်သူများထံသို့ သက်သာသော ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၁၉ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ





ရန်ကုန် ဇွန် ၄

၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမနှင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၌ နေရာခွဲ၍ Video Conferencing ဖြင့် ကျင်းပမှုအပြင် နေအိမ်မှ Zoom Cloud ဖြင့် ဝင်ရောက်ဆွေးနွေးမှုတို့ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးသည်။

**အချိန်လုံလောက်စွာရရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ကျင်းပသည့် ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေအရ ယခုတစ်နေရာတည်းတွင်သာ စုံညီကျင်းပခြင်းမျိုးမဟုတ်ဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ နေရာခွဲခြားကျင်းပမှုအပြင် ပညာရှင်အချို့လည်း နေအိမ်မှ ပါဝင်ဆွေးနွေးမှုဖြင့် စီစဉ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကော်မတီ၏ ပထမဆုံးအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေအရ ယခင်နှစ်ကထက် တစ်လခန့် နောက်ကျပြီးမှ ကျင်းပနိုင်သော်လည်း အမျိုးသားစာပေဆုချီးမြှင့်သည့်(စာဆိုတော်နေ့) နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျရောက်မည့် အမျိုးသားစာပေဆုချီးမြှင့်သည့် အခမ်းအနားမှာ လာမည့် ဒီဇင်ဘာ ၁၅ ရက်မှ ဖြစ်သည့်အတွက် ၁၀ ရက်ခန့်သာ နောက်ကျရာ ဆောင်ရွက်ချိန် ခြောက်လခန့် ရရှိသဖြင့် အချိန်လုံလောက်စွာရရှိသည်ဟု မြင်ပါကြောင်း။

**တန်ဖိုးထားလေးစားမှုရှိ**

အမျိုးသားစာပေဆုသည် နိုင်ငံတော်က အသိအမှတ်ပြုချီးမြှင့်ခြင်းဖြစ်သည့်အတွက် တန်ဖိုးထားဂုဏ်ယူရသကဲ့သို့ စာပေသမားများအပြင် ပရိသတ်များအနေဖြင့်လည်း တန်ဖိုးထားလေးစားမှုရှိပါကြောင်း၊ နိုင်ငံတကာစာပေသမားများနှင့် တွေ့ဆုံရာတွင်လည်း ယင်းဆုရပုဂ္ဂိုလ်များကို အသိအမှတ်ပြုပြီး လေးစားမှုရှိပါကြောင်း၊ ထိုကဲ့သို့ တန်ဖိုးထားကြခြင်းမှာ စာပေဆုရွေးချယ်ရေးကော်မတီ၏ အမြော်အမြင်ရှိမှု၊ သမာသမတ်ကျမှုတို့အပေါ်တွင်လည်း မူတည်ပါကြောင်း၊ မလိုလားအပ်သော အားနာမှု၊ လိုက်လျောမှုတို့ကြောင့် ဆုရရှိမှုအရည်အသွေးအပေါ် ဝေဖန်မှုများရှိလာပါက ဆု၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးထိခိုက်အားနည်းနိုင်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်များအနေဖြင့် ပါဝင်ဆောင်ရွက်ရချိန်တွင် အလေးအနက်ထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ယင်းအချက်ကို ကော်မတီဝင်များအနေဖြင့် သိရှိပြီးဖြစ်သော်လည်း ပထမဆုံးအကြိမ်ဆုရွေးချယ်ရေးအစည်းအဝေးတွင် ပြောသင့်ပြောထိုက်သည်ဟုခံယူပြီး ပြောဆိုရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**Video Conferencing ဖြင့် အမှာစကားပြောကြား**

ဆက်လက်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ စည်သူဒေါက်တာသော်ကောင်းနှင့် ၂၀၁၉ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)တို့က Video Conferencing ဖြင့် အမှာစကားပြောကြားကြသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က စာပေဆုဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)က အမျိုးသားစာပေဆုအတွက် ရွေးချယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆုရွေးချယ်ရေးကော်မတီဖွဲ့စည်းထားမှုအခြေအနေ၊ ဆုရွေးချယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဆုရစာအုပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ စာအုပ်အမျိုးအစား ခွဲခြားထားရှိမှု၊ ကလေးစာပေဆုအတွက် ပိုမိုပီပြင်ခေတ်မီသော ဆုစည်းကမ်းများ ပြောင်းလဲသတ်မှတ်ရေး၊ ဆုရွေးချယ်မှုဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ပြိုင်ပွဲဝင်စာအုပ်များ ပြည့်စုံစွာလက်ခံရရှိမှုအခြေအနေနှင့် ဆုရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများ စီစဉ်ထားရှိမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၉ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် မတ် ၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂-၆(၃)/ ၂၀၂၀ ဖြင့် ကော်မတီဥက္ကဋ္ဌအဖြစ် စည်သူဒေါက်တာသော်ကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)တို့ အပါအဝင် အဖွဲ့ဝင်စုစုပေါင်း ၅၄ ဦးတို့ဖြင့် ဖွဲ့စည်းထားရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ ပုဂ္ဂလိက စာအုပ်စုဆောင်းသူ၊ စာအုပ်တိုက်ကြီးများ၊ စာကြည့်တိုက်များအကူအညီဖြင့် စာအုပ်များကို စုစည်းပြီး ဘာသာရပ်အလိုက် အဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းကာ အမျိုးသားစာပေစိစစ်ရွေးချယ်ရေး မူဝါဒများနှင့်အညီ စိစစ်ရွေးချယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီ၊ ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီနှင့် ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီတို့၏ အစည်းအဝေးများ ကျင်းပ



ရန်ကုန် ဇွန် ၄

မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီ၊ ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီနှင့် ပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီတို့၏ ညှိနှိုင်းအစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်နှင့် ဆပ်ကော်မတီဝင်များက ရုပ်ရှင်နှစ် (၁၀၀) ပြည့်ပွဲတော်နှင့်ပတ်သက်၍ ပြည်သူလူထုအကြား ပျံ့နှံ့သိရှိစေရန်အတွက် Online Media များမှ ရုပ်ရှင်ရာပြည့်နှင့်ပတ်သက်သော Page တစ်ခုထူထောင်ရေး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ညှိနှိုင်း၍ ယခင်က နာမည်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ၊ မြန်မာသံစဉ် တေးသီချင်းများအပြင် ရုပ်ရှင်ရာပြည့်အတွက် သီချင်းသစ်များကို အရွယ်သုံးပါး ကြိုက်နှစ်သက်သည့် သီချင်းများရေးစပ်ရေး၊ ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများ၏ မူပိုင်ခွင့်ကိစ္စရပ်များ ကူညီဆောင်ရွက်ရေး၊ မြန်မာ့ရုပ်ရှင် ရာပြည့်အမှတ်တရအဖြစ် ယှဉ်ပြိုင်ကြသည့် ဇာတ်ဝင်တေးသီချင်းများကို စုစည်း၍ တေးသီချင်း Album တစ်ခု ထုတ်ဝေရေး၊ ရုပ်ရှင်ရာပြည့်နှင့်ပတ်သက်သော အမှတ်တရပစ္စည်းပြုလုပ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရာပြည့်မဂ္ဂဇင်း ထုတ်ဝေရေးဆပ်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးနှင့် ဆပ်ကော်မတီဝင်များက ရာပြည့်မဂ္ဂဇင်း ရိုက်နှိပ်ထုတ်ဝေမှုအခြေအနေ၊ စာမူရရှိမှုအခြေအနေ၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းရေး၊ စာမူခချီးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးကြည်စိုးထွန်းနှင့် ဆပ်ကော်မတီဝင်များက မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲ၊ ကာတွန်းရုပ်ရှင်ပြိုင်ပွဲနှင့် မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲများ ဖိတ်ခေါ်ကျင်းပရေး၊ ပြိုင်ပွဲများကို မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားကျင်းပရေး ရည်ရွယ်ချက် (၃) ရပ်နှင့်အညီ ဖိတ်ခေါ်ကျင်းပရေး၊ ဆုများစနစ်တကျ ရွေးချယ်နိုင်ရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များပါဝင်သည့် စိစစ်အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းပြီး ဆုများစနစ်တကျ ရွေးချယ်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဥမ္မာ၊ ရီရီ



# အသွားအလာကန့်သတ်ခြင်းအစီအစဉ်တွင် ပါဝင်သူများနှင့် စေတနာ့ဝန်ထမ်းများအတွက် နှာခေါင်းစည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၄

အသွားအလာကန့်သတ်ခြင်း အစီအစဉ်တွင် ပါဝင်သူများနှင့် စေတနာ့ဝန်ထမ်းများအတွက် National University of Singapore Myanmar Society (NUSMM) က ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်း ၁၀၀၀၀ ကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့သို့ လှူဒါန်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါလှူဒါန်းသည့် နှာခေါင်းစည်းများသည် ရောဂါပိုးကာကွယ်နိုင်ရန်အတွက် စီမံချုပ်လုပ်ထားပြီး ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်ကြောင်းနှင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အစီအစဉ်ဖြင့် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာမြေရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစို့

သစ်တောမောင်

**ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထင်ရှားသည့်အထိမ်းအမှတ်နေ့တစ်နေ့ဖြစ်ပြီး ၁၉၇၄ ခုနှစ်မှစတင်ကာ နှစ်စဉ် ဇွန်လ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပွဲများကျင်းပ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပိုမိုအာရုံစိုက်အလေးထားလာစေရန် နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့" ဖြစ်သည်။

**ဇီဝမျိုးစုံမျိုးကွဲများ**

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေဂေဟစနစ်များ ၎င်းတို့ပါဝင်နေသော ဂေဟဗေဒအရဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကိုဆိုသည်။ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲပေါင်း (အပင်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း) ရှစ်သန်းခန့်ရှိပြီး ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်များ၏ ၈၀ ရာခိုင်နှုန်း၊ ငှက်မျိုးစိတ်များ၏ ၇၅ ရာခိုင်နှုန်းနှင့် နို့တိုက်သတ္တဝါမျိုးစိတ်များ၏ ၆၈ ရာခိုင်နှုန်းသည် သစ်တောများအတွင်း ရှင်သန်နေထိုင်ကြပါသည်။ ဇီဝမျိုးစုံမျိုးကွဲများသည် သက်ရှိလောက တည်မြဲစေရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ရေကောင်းရေသန့်၊ လေကောင်းလေသန့်၊ အစားအစာ၊ ဆေးဝါးများပံ့ပိုးပေးခြင်း၊ ရာသီဥတုပြောင်းလဲမှု ထိန်းညှိပေးခြင်းများ၊ ဝတ်မှုန်ကူးခြင်းများ၊ သဘာဝရောဂါခံနိုင်မှုစွမ်းရည်များဖြင့် လူသားများအပါအဝင် သက်ရှိလောကကို အကျိုးပြုလျက်ရှိသည်။ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာနိုင်ငံတကာ သိပ္ပံ - မူဝါဒလုပ်ငန်းအဖွဲ့ (Intergovernmental Science-Policy Platform on Biodiversity and Ecosystem Services-IPBES) ၏လေ့လာမှုအရ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲများမှ အာရှပစိဖိတ်ဒေသတွင်း နေထိုင်သူလူဦးရေ ၄ ဒသမ ၃ ဘီလီယံအား အစာ၊ ရေ၊ စွမ်းအင်၊ ဆေးဝါးတို့အပြင် ယဉ်ကျေးမှုရိုးရာဓလေ့နှင့် စိတ်ပိုင်းဆိုင်ရာ ပြည့်စုံစေမှုတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရပါသည်။

ဇီဝမျိုးစုံမျိုးကွဲများသည် မရေမတွက်နိုင်လောက်သော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကို သက်ရှိတိုင်းအတွက်၊ လူတိုင်းအတွက် ပံ့ပိုးပေးလျက်ရှိသည်။ ရေနှင့် မြေသယံဇာတအား ကာကွယ်ခြင်း၊ မြေဆီအာဟာရများစုဆောင်းခြင်းနှင့် မြေဆီမြေနှစ်များဖြစ်ပေါ်စေခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ရာသီဥတုမျှတစေခြင်း၊ ဂေဟစနစ်များတည်ငြိမ်စေခြင်း၊ မခန့်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များမှ ပြန်လည်ကုစားပေးနိုင်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။ ဇီဝအရင်းအမြစ်များဖြစ်သည့် အစားအစာ၊ ဆေးနှင့် ဆေးထုတ်လုပ်သည့် အရင်းအမြစ်များ၊ သစ်တောထွက်ပစ္စည်းများ၊ အလှအပရှုခင်းအပင်များ၊ မျိုးရိုးဗီဇ၊ မျိုးစိတ်နှင့် ဂေဟစနစ်မျိုးစုံမျိုးကွဲများကို ပံ့ပိုးပေးလျက်ရှိသည်။ လူမှုအကျိုးကျေးဇူးအနေဖြင့်လည်း အပန်းဖြေခြင်းနှင့် ခရီးသွားခြင်း၊ ယဉ်ကျေးမှုတန်ဖိုးများ၊ စိတ်ပိုင်းဆိုင်ရာတန်ဖိုးများ၊ သုတေသနနှင့် ပညာရေးဆိုင်ရာအကျိုးကျေးဇူးများကို ပံ့ပိုးပေးလျက်ရှိသည်။

**ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပြုန်းတီးခြင်း အကျိုးဆက်များ**

သက်ရှိလောကအတွက် မရှိမဖြစ်အရေးပါသော ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ၏ပယောဂကြောင့် ဖြစ်ပေါ်လာသော သစ်တောပြုန်းတီးခြင်း၊ တောရိုင်းတိရစ္ဆာန် နေရင်းဒေသများ လျော့ပါးပျက်စီးခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့လာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်အတူ လျော့ပါးဆုံးရှုံးပျောက်ကွယ်လျက်ရှိသည်။ မျိုးစိတ်ပေါင်း တစ်သန်းခန့်သည် မျိုးတုံးမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာတစ်ဝန်းရှိ မူလအတိုင်းရှိနေသည့် ဂေဟစနစ်များသည် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလျက်ရှိသည်။ သဘာဝတရားက ဖြည့်ဆည်းပေးစွမ်းနိုင်သော ပမာဏ၊ အကန့်အသတ်ထက် ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုဆုံးရှုံးမှုများကြောင့် ကျန်းမာရေးနှင့် အစားအစာစနစ်များ ပျက်စီးဆုံးရှုံးနိုင်ပြီး လူသားများအပေါ် ပြင်းထန်သောဆိုးကျိုး



သက်ရောက်မှုများ ကျရောက်လာနိုင်သည်။

ဇီဝမျိုးစုံမျိုးကွဲများကို ဖျက်ဆီးလိုက်ခြင်း၊ ဆုံးရှုံးပျောက်ကွယ်ခြင်းသည် လူသားများ၏ဘဝများကို ပံ့ပိုးထောက်ပံ့နေသည့် ဇီဝမျိုးစုံမျိုးကွဲစနစ်နှင့် ပတ်ဝန်းကျင်ဂေဟစနစ်ကိုပါ ပျက်စီးစေနိုင်ကြောင်း ယနေ့ တွေ့ကြုံနေရသည့် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဖြစ်ရပ်များက မီးမောင်းထိုးပြလျက်ရှိသည်။ ကမ္ဘာနှင့်အဝှမ်း နှစ်စဉ်ဖျားနာမှုပေါင်း တစ်ဘီလီယံခန့်နှင့် သန်းပေါင်းများစွာသော သေဆုံးမှုများသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ကြောင်းနှင့် ၇၅ ရာခိုင်နှုန်းသည် တိရစ္ဆာန်များမှ လူသားများသို့ ကူးစက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဇီဝမျိုးစုံမျိုးကွဲစနစ်နှင့် ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးခြင်းကြောင့် ဗိုင်းရပ်စ်ကူးစက်မှုအပေါ် လူသားများ၏သဘာဝအတိုင်း တုံ့ပြန်နိုင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပြန်လည်နိုးထကောင်းမွန်လာစေမှုဆိုင်ရာ စွမ်းဆောင်ရည်များပါ လျော့နည်းဆုံးရှုံးလာပြီး ထိရှလွယ်သောအခြေအနေသို့ ရောက်ကြရတော့သည်။

**သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်းများ**

ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှုတို့သည် ယခုအချိန်တွင် ကမ္ဘာနှင့်အဝှမ်းရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ ဘေးရောဂါအမျိုးမျိုးကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန် အရိုးရှင်းဆုံးနည်းလမ်းသည် သဘာဝပတ်ဝန်းကျင်ကို ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိအောင်၊ ပြန်လည်ကောင်းမွန်လာအောင် ကုစားဆောင်ရွက်ခြင်းနှင့် သဘာဝကိုအခြေခံပြီး ပြဿနာများကိုဖြေရှင်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်းများ (Nature Based Solutions) ဖြင့်သာ ကူညီဖြေရှင်းပေးနိုင်မည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်းသည် ထူးကဲသော အခွင့်အလမ်းတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ရန် ၂၀၂၁ မှ ၂၀၃၀ ပြည့်နှစ်ကာလကို ကုလသမဂ္ဂဂေဟစနစ်ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (UN Decade of Ecosystem Restoration 2021-2030) ဟု သတ်မှတ်ထားသည်။ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် သစ်ပင်ပေါင်း တစ်ထရီလီယံစိုက်ပျိုးမည့် "တစ်ထရီလီယံလှုပ်ရှားမှု" (Trillion Tree Initiative) ကို စတင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လက်ရှိအကောင်အထည်ဖော်နေသော ဘွန်းစိန်ခေါ်မှု (Bonn Challenge)၊ နယူးယောက်သစ်တောများဆိုင်ရာ ကြေညာစာတမ်း (New York Declaration for Forests) တို့၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေးနှင့် တောနိမ့်တောပျက်များတွင် သစ်တောဧရိယာ ဟက်တာသန်း ၃၅၀ တည်ထောင်ခြင်းလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၁၅ တွင်လည်း သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် စပ်လျဉ်းပြီး "ကုန်းမြေဂေဟစနစ်များအား ကာကွယ်ရန်၊ ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် အသုံးပြုရန်၊ သစ်တောများအား ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှုရပ်ဆိုင်း၍ မြေအရည်အသွေးပြန်လည်ကောင်းမွန်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုရပ်တန့်ရန်"ဟူ၍ ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂ၊ အစိုးရများ၊ ကော်ပိုရေးရှင်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO)များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဏ္ဍများ၏ မကြုံစဖူး ထူးကဲသည့် ငွေကြေး၊ မူဝါဒရေးရာနှင့် နိုင်ငံရေးရာ အထောက်အပံ့ကောင်းများသည်လက်ရှိသဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုအခြေအနေကို ပြောင်းလဲစေနိုင်သော အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်။ ထူးကဲသော အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်းများဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို ယခုပင်စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

သဘာဝအခြေခံ ဖြေရှင်းသည့်နည်းလမ်းများသည် ဇီဝမျိုးစုံမျိုးကွဲပျက်စီးဆုံးရှုံးမှုများနှင့် မှန်လုံအိမ်ဓာတ်ငွေ့

**သက်ရှိလောကအတွက် မရှိမဖြစ်အရေးပါသော ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ၏ ပယောဂကြောင့်ဖြစ်ပေါ်လာသော သစ်တောပြုန်းတီးခြင်း၊ တောရိုင်းတိရစ္ဆာန် နေရင်းဒေသများလျော့ပါးပျက်စီးခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်အတူ လျော့ပါးဆုံးရှုံးပျောက်ကွယ်လျက်ရှိသည်။ မျိုးစိတ်ပေါင်းတစ်သန်းခန့်သည် မျိုးတုံးမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာတစ်ဝန်းရှိ မူလအတိုင်းရှိနေသည့် ဂေဟစနစ်များသည် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလျက်ရှိသည်။**

ထုတ်လွှတ်မှုလျှော့ချရေးကို အချိန်ဆိုင်းရန်အတွက် ဖော်ဆောင်သည့်လုပ်ငန်းစဉ်တစ်ခု မဟုတ်သကဲ့သို့ ကာဗွန်ထုတ်လွှတ်မှုမြင့်မားသည့် ရုပ်ကြွင်းလောင်စာနှင့် သယံဇာတအသုံးပြုလုပ်ငန်းများအတွက် အစားထိုးဆောင်ရွက်သည့်လုပ်ငန်းလည်း မဟုတ်ပါချေ။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းလုပ်ငန်းများ၊ ရာသီဥတုရေးရာမူဝါဒများနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများကို ပံ့ပိုးပေးနိုင်ပြီး လိုက်လျောညီစွာ တွဲဖက်ဆောင်ရွက်ရသည့်လုပ်ငန်းသာလျှင်ဖြစ်သည်။

**အဓိကဥပဒေသ လေးချက်**

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့်စပ်လျဉ်းပြီး သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်းများ အသုံးပြုဆောင်ရွက်ရာ၌ လိုက်နာသင့်သည့် အဓိကဥပဒေသ လေးချက် ရှိသည်။

**(က) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်း**

ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုလျှော့ချခြင်း၊ ဖန်လုံ အိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်းနှင့်အတူ ဂေဟစနစ်များအားထိန်းသိမ်းခြင်း၊ ထာဝစဉ်တည်တံ့အောင် စီမံအုပ်ချုပ်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်းလုပ်ငန်းတို့ကို တစ်ပါတည်းအတူပူးတွဲပြီး လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည်။

**(ခ) လက်ရှိဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်း**

မြေဆီလွှာ၊ သစ်တောများ၊ မြက်ခင်းပြင်များ၊ ချုံတောများ၊ ရေတိမ်ဒေသများနှင့် ရေဂေဟစနစ်များသည် ကာဗွန်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့အတွက် ပဓာနကျသော သိုလှောင်ရုံများ၊ နေရင်းဒေသများဖြစ်သည်။ ယခုအခါ အဆိုပါ ကာဗွန်သိုလှောင်ရုံများ၊ နေရင်းဒေသများသည် လျင်မြန်စွာဆုံးရှုံးလျက်ရှိသဖြင့် ထိရောက်စွာထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။

**(ဂ) လူမှုတာဝန်ယူမှုရှိခြင်း**

ဒေသခံပြည်သူများသည် ဂေဟစနစ်များမှပေးသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ရရှိခံစားနိုင်မှသာလျှင် ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍ ရေရှည်တည်တံ့နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဒေသခံပြည်သူများနှင့်အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့၏အခွင့်အရေးများနှင့် ဦးဆောင်မှုအခန်းကဏ္ဍကို အသိအမှတ်ပြုလေးစားရပါမည်။ မိရိုးဖလာအလုပ်အကိုင်များကို မြှင့်တင်ပေးရန်နှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မည့် မျှတပြီးရေရှည်တည်တံ့မှုရှိသော စီးပွားရေးလုပ်ငန်းပုံစံများ ဖော်ဆောင်ကြရမည် ဖြစ်ပါသည်။

**(ဃ) ပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူမှုရှိခြင်း**

သဘာဝအခြေခံဖြေရှင်းသည့် နည်းလမ်းများ ဖော်ဆောင်ရာတွင် ကောင်းမွန်ခိုင်မာသည့်ဂေဟဗေဒဆိုင်ရာအခြေခံမှုများအပေါ် အခြေတည်ထားရပါမည်။ ထုတ်လုပ်နိုင်စွမ်းပိုကောင်းပြီး ခံနိုင်ရည်ပိုရှိသော၊ အကျိုးကျေးဇူးများ ပိုမိုဖြစ်ထွန်းစေနိုင်သော ကျန်းမာသည့်ဂေဟစနစ်များဖြစ်ထွန်းလာရန် ဆောင်ရွက်ကြရပါမည်။ ဇီဝမျိုးစုံမျိုးကွဲများကို ပိုမိုထိန်းသိမ်းကာကွယ်ရန်နှင့် တိုးပွားများပြားလာစေရန် ဆောင်ရွက်ကြရပါမည်။

သဘာဝအခြေခံ ဖြေရှင်းသည့်နည်းလမ်းများဖြင့် ကမ္ဘာတစ်ဝန်းရှိ သစ်တောများ၊ မြက်ခင်းပြင်များနှင့် ရေတိမ်ဒေသများ စသည့်ဂေဟစနစ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ၊ လူသားတို့၏ကျန်းမာရေးနှင့် ချမ်းသာသုခအပါအဝင် များပြားသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည် ဖြစ်သည်။ **စာမျက်နှာ ၇ သို့** ◆

◆ စာမျက်နှာ ၆ မှ

## မြန်မာ့သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုများ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံးနိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး တစ်ကမ္ဘာလုံးရှိ ငှက်မျိုးစိတ်များ၏ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘာပေါ်တွင် ကျက်စားသောပင်လယ်လိပ်စုစုပေါင်း ခုနစ်မျိုးအနက် ငါးမျိုး၊ ရေချိုနှင့် ကုန်းလိပ်မျိုးစိတ်များ၏ ၁၀ ရာခိုင်နှုန်းတို့ကို မြန်မာနိုင်ငံမှ ပိုင်ဆိုင်ထားသည်။ ထို့အပြင် တစ်ကမ္ဘာလုံးတွင် စုစုပေါင်းကောင်ရေ ၁၅၀ နှင့် ၇၀၀ အတွင်းသာရှိသည့် ဘဲပို့ချတ်(Baer's pochard)၊ ကောင်ရေ ၄၀၀ ခန့်သာရှိသည့် ရေညှောင့်နှုတ်ဝိုင်းငှက် (Spoon-billed Sandpiper) စသည့် ကမ္ဘာ့အရှားပါးဆုံး ငှက်မျိုးစိတ်များသည်လည်း မြန်မာနိုင်ငံတွင် လာရောက်ကျက်စားလျက်ရှိသည်။ ကမ္ဘာပေါ်တွင် မျိုးတုံးမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ကျား၊ ဆင်၊ ကျားသစ်၊ ပြောင်၊ ရေခဲတောင်ဆိတ်၊ သားမင်း၊ ငါးမန်း၊ ငါးလိပ်ကျောက်၊ ဝေလငါး အစရှိသည့်မျိုးစိတ်များကိုလည်း မြန်မာနိုင်ငံတွင် တွေ့ရှိနိုင်သည်။ အပင်မျိုးစိတ် ၁၈၀၀၀ ကျော်အား မှတ်တမ်းတင်ထားပြီး ထိုအပင်မျိုးစိတ်များတွင် မြန်မာနိုင်ငံတွင်သာပေါက်ရောက်သည့် ဒေသရင်းမျိုးစိတ် (Endemic species) အများအပြားပါဝင်ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ ခွဲခြားသတ်မှတ်လျက် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရန် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် သဘာဝတောများနှင့် သစ်တောစိုက်ခင်းသစ်တောများသည် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက်သာမက ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားစေရေး၊ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြေရှင်းနိုင်ရေးအတွက်ပါ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသည်။ သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်း (၂၀၁၇-၁၈ မှ ၂၀၂၆-၂၇ အထိ)ကို ရေးဆွဲ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သဘာဝမျိုးဆက်ပင်များ ဖွံ့ဖြိုးလာစေရန် အားပေးခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောများ စိုက်ပျိုးကာကွယ်ထိန်းသိမ်းခြင်း၊ အောင်မြင်မှုနည်းပါးခဲ့သည့် စိုက်ခင်းဟောင်းများကို ဖြည့်စွက်စိုက်ပျိုး၍ ပြန်လည်ဆယ်တင်ခြင်းဖြင့် တောနိမ့်တောပျက်များ ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများတိုးပွားလာစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကြိုးဝိုင်းတောနှင့် ကြိုးပြင် ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ကြိုးဝိုင်းတောဧက ၂၉ ဒသမ ၇၀ သန်း၊ ကြိုးပြင်ကာကွယ်တော ဧက ၁၂ ဒသမ ၉၈ သန်း စုစုပေါင်းဧက ၄၂ ဒသမ ၆၉ သန်း (၂၅ ဒသမ ၅၃ ရာခိုင်နှုန်း) ဖွဲ့စည်းပြီးဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ သဘာဝနယ်မြေ ၄၆ ခု၊ ဧရိယာ ဧက ၁၀ ဒသမ ၁၇ သန်း (၆ ဒသမ ၀၈ ရာခိုင်နှုန်း) ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်သည်။ သဘာဝနယ်မြေ ၄၆ ခုအနက် နိုင်ငံတကာအဆင့်အနေဖြင့် အာဆီယံဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် ယဉ်ကျေးမှုတို့အရ အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park – AHP)များအဖြစ် သတ်မှတ်ခြင်းခံထားရသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ရှစ်ခု၊ ရေဝပ်ဒေသများ ကွန်ဗင်းရှင်းမှ နိုင်ငံတကာအဆင့် အရေးပါသည့် ရမ်ဆာရေဝပ်ဒေသ (Ramsar Site) ခြောက်ခုနှင့် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတွင် ဒေသခံပြည်သူများပါဝင်မှု၊ ထောက်ခံအားပေးမှုတို့အား မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve – MAB) နှစ်ခုတို့ ပါဝင်ပါသည်။



နိုင်ငံ၏သဘာဝအမွေအနှစ်များဖြစ်သည့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity-CBD)၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် (Sustainable Development Goal-SDG) တို့အပေါ်ထားရှိရသည့် ကတိကဝတ်များအား ဖြည့်ဆည်းရန်နှင့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan) ၂၀၁၈ – ၂၀၃၀" တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ရန်ရည်ရွယ်၍ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း (Reestablish-ing Natural Habitats-RNH) လုပ်ငန်းအစီအစဉ် (၂၀၁၉ – ၂၀၂၀ မှ ၂၀၂၈ – ၂၀၂၉ အထိ)ကို ဥယျာဉ်/ဘေးမဲ့တော ၁၉ ခုတွင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ထုတ်ပြန်ထားသည့်နေရာ ၂၄ ခုရှိပြီး ဧရိယာဧက ၂ ဒသမ ၅၉ သန်းကျော်ကို အတည်ပြုဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

### ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစို့

မျက်မှောက်ခေတ်ကမ္ဘာမြေ၏ ဂေဟစနစ်များသည် ယခင်ထက်ပို၍ ထိလွယ်ရှလွယ်အခြေအနေမျိုးကို ကြုံတွေ့နေရပြီး ပျက်စီးပြုန်းတီးမှုသည် မကြုံစဖူးများပြားလျက်ရှိသည်။ သို့သော်လည်း ပြဿနာ၏ အတိမ်အနက်ကို သိရှိပြီးဖြစ်သကဲ့သို့ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ အလားအလာများကိုလည်း သိရှိနားလည်ပြီး ဖြစ်ပါသည်။ ထို့ပြင် သဘာဝအခြေခံဖြေရှင်းသည့် နည်းလမ်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ယခင်ကမရှိခဲ့ဖူးသည့် စွမ်းအား၊ အရှိန်အဟုန်၊ အတွေ့အကြုံနှင့် သိပ္ပံနည်းကျ သတင်းအချက်အလက်များလည်း ရှိနေပြီ ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလျော့နည်းခြင်း၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုတို့ကို တုံ့ပြန်ရာတွင် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၊ နိုင်ငံတစ်နိုင်ငံချင်း ဖြေရှင်းဆောင်ရွက်နိုင်မည် မဟုတ်ဘဲ အတူလက်တွဲဆောင်ရွက်မှသာ အဆိုပါပြဿနာများ အောင်မြင်စွာကျော်လွှားနိုင်မည် ဖြစ်သည်။ အခွင့်အလမ်းများလည်း ရှိနေပြီဖြစ်သည်။ အခွင့်အလမ်းကို အချိန်ကိုက်ရယူလျက် နည်းလမ်းမှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကင်းဝေးပြီး စိမ်းစိုသာယာလှပ ငြိမ်းချမ်းသောကမ္ဘာမြေကြီးအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းတင်ပြရင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။

**("တို့ကမ္ဘာမြေရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့")**

## အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ(အရှေ့ပိုင်း၊ အနောက်ပိုင်း) မြို့နယ်များ၌ အခမဲ့ဖြန့်ဝေပေးရန် ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်ထား

**ရန်ကုန် ဇွန် ၄**

အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ (အရှေ့ပိုင်း၊ အနောက်ပိုင်း) မြို့နယ်များတွင် ယခုနှစ် မိုးရာသီ၌ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးရန်နှင့် သစ်ပင်စိုက်ပျိုးလိုသူများအား ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးနိုင်ရေးအတွက် ပျိုးပင်ပေါင်း ၄၀၀၀၀ ကို မင်္ဂလာဒုံတပ်မတော်ဂေါက်ကွင်းလမ်းရှိ အင်းစိန်မြို့နယ် သစ်တောပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

အင်းစိန်မြို့နယ်၊ သစ်တောပျိုးဥယျာဉ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မဲဇလီ၊ ကံ့ကော်၊ ခရေ၊ မန်ကျည်းရှား၊ ယူကလစ်၊ စိန်ပန်း၊ ကုက္ကို၊ ဝါး၊ ဓနိ စသည့် ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်ထားရှိရာတွင် အဆိုပါမြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာ စာသင်ကျောင်းများ၊ သစ်ပင်စိုက်ပွဲတော်များ၊ မိမိနေအိမ်ခြံဝင်းများ၊ ဘုန်းတော်ကြီးကျောင်းဝင်းများ စသည်တို့၌ စိုက်ပျိုးလိုသူများအား နှစ်စဉ်မိုးရာသီရောက်တိုင်း ပျိုးပင်များကို ပြည်သူလူထုထံသို့ အခမဲ့ဖြန့်ဝေစိုက်ပျိုးစေခဲ့ကြောင်းနှင့် ယနေ့အထိ ပျိုးပင်ပေါင်း ၁၅၀၀၀ ကျော်ကို သစ်ပင်စိုက်ပျိုးလိုသူ ပြည်သူလူထုထံသို့ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**



## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇွန်လ ၆ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းစိုးစံက သရုပ်ဖော်ထားကာ အိပ်မက်ထဲတွင် ရန်ကုန်မြို့သို့ အလည်ရောက်နေသော ဖိုးချွန်းနှင့် ဝိတ်ပေါအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါနှင့် အဆာပြေရေတစ်ခွက်" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များနဲ့ သားသားမီးမီးတို့ကို ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ကမ္ဘာကျော်ကာတွန်းဇာတ်ကောင် Tom & Jerry ပါဝင်တဲ့ ကာတွန်းဇာတ်လမ်း ဖန်တီးသူများအကြောင်းကို တင်ဆက်ထားသည့် "ကမ္ဘာကျော်ကြောင်နှင့် ကြွက်" သုတဆောင်းပါး၊ မိမိနိုင်ငံ၏ တန်ဖိုးရှိသော ရှေးဟောင်းပစ္စည်းများကို မပျောက်မပျက်စေရန် ကာကွယ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း ပညာပေးတင်ဆက်ထားသည့် "ဂန္ဓဝင်ခင်ခင်ပြူးနှင့် အပေါင်းအသင်းများ" နှစ်မျက်နှာကာတွန်း၊ မြေကြီးကို စနစ်တကျအသုံးချတတ်ပါက ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အစရှိသည်တို့ထက် ပို၍တန်ဖိုးရှိကြောင်းကို ရေးသားထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။




**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်အတွင်း e-Commerce Guidelines ထုတ်ပြန်သွားမည်

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် e-Commerce Virtual Conference ကို ၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက်က ကျင်းပခဲ့သည်။ အဆိုပါညီလာခံတွင် ဝန်ကြီးဌာနက e-Commerce Guidelines ရေးဆွဲလျက်ရှိသည့် အခြေအနေများနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်ပြန်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အများပြည်သူသို့ အသိပေးခဲ့ကြောင်း သိရှိရသည်။ e-Commerce Guidelines အောက်တွင် ပါဝင်လာမည့် e-Commerce (online shop)များအတွက် မိမိသဘောဆန္ဒအလျောက် မှတ်ပုံတင်သည့်စနစ် (Voluntary Registration System)သည် ပြည်သူအများ စိတ်ဝင်စားမှုရှိသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။**

ထို့ကြောင့် e-Commerce Virtual Conference ကျင်းပခဲ့သည့် အခြေအနေများနှင့် မိမိသဘောဆန္ဒအလျောက် မှတ်ပုံတင်သည့်စနစ် ပါဝင်လာမည့် e-Commerce Guidelines များ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီအောင်နှင့် ဆက်သွယ်မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**မေး။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကျင်းပခဲ့တဲ့ e-Commerce Virtual Conference အခြေအနေကို သိပါရစေ။**

**ဖြေ။ ။** ဧပြီလ ၂၇ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ COVID – 19 စီးပွားရေးကုစားမှု အစီအစဉ် (COVID-19 Economic Relief Plan-CERP)ရဲ့ ပန်းတိုင် (၅)မှာပါတဲ့ e-Commerce နဲ့စပ်လျဉ်းတဲ့ စီမံချက်(၅)ရပ်ကို အချိန်တိုအတွင်း အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် ထည့်သွင်းထားပါတယ်။

e-Commerce ဆိုတာ အားလုံးသိတဲ့အတိုင်း ဂေဟစနစ်မှာပါဝင်တဲ့ ချိတ်ဆက်လုပ်ငန်းစဉ်တွေ အင်မတန်များပြားပြီး ပုဂ္ဂလိကဦးဆောင်တဲ့ ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်ခုဖြစ်တဲ့အတွက် CERP မှာပါတဲ့ လုပ်ငန်းစဉ်တွေကို ဆွေးနွေးဖို့နဲ့ အစိုးရရဲ့ Political Willingness ကို ပြသဖို့ ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ အစိုးရ- ပုဂ္ဂလိက Dialogue တစ်ခုကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

Social Distancing Measure ကို ကျင့်သုံးနေတဲ့ အချိန်ဖြစ်တဲ့အတွက် အွန်လိုင်းကို အသုံးပြုခဲ့တာဖြစ်ပြီး လူအများပါဝင်နားထောင်နိုင်တဲ့ ညီလာခံအဖြစ် ဆောင်ရွက်နိုင်ခဲ့တာမို့ ထိရောက်တဲ့ ညီလာခံတစ်ခုလို့ ဆိုချင်ပါတယ်။ ညီလာခံကို ဝန်ကြီးဌာနက တာဝန်ယူကျင်းပခဲ့တာ ဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးခဲ့သူ အစိုးရဌာနတွေက ကိုယ်စားလှယ်တွေ၊ ပုဂ္ဂလိကကဏ္ဍက လုပ်ငန်းရှင်တွေနဲ့ အသိပညာရှင်၊ အတတ်ပညာရှင် စုစုပေါင်း ၂၈ ဦးနဲ့ စိတ်ပါဝင်စားစွာ မှတ်ပုံတင်တက်ရောက်ခဲ့သူပေါင်း ၄၅၀ ရှိပါတယ်။

**မေး။ ။ e-Commerce Virtual Conference မှာ e-Commerce Guidelines ရေးဆွဲနေတယ်လို့ အသိပေးပြောကြားခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်။ Guidelines မှာ ဘာတွေပါတယ်၊ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ရေးဆွဲဖြစ်ခဲ့တယ်၊ ဘယ်အချိန်လောက် အပြီးသတ်ထုတ်ပြန်နိုင်မယ်ဆိုတာတွေကို သိပါရစေ။**

**ဖြေ။ ။** ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့ e-Commerce Task Force အဖွဲ့ဝင် ဌာနဆိုင်ရာကိုယ်စားလှယ် ၁၇ ဦး ပါဝင်တဲ့အဖွဲ့ဟာ ဂျပန်နိုင်ငံ(METI) ရဲ့ အထောက်အပံ့၊ AOTS ရဲ့ စီစဉ်မှုနဲ့ ဂျပန်နိုင်ငံရဲ့ e-Commerce Legal Legislation ပြုလုပ်ပုံနဲ့ လုပ်ငန်းတွေလည်ပတ်ပုံကို သွားရောက်လေ့လာသင်ကြားခွင့်ရခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ သီးခြား e-Commerce Law ရယ်လို့မရှိဘဲ Premiums and Representation Act၊ Personal Information Protection Act၊ Electronic Contract Act၊ Specified Commercial Transactions Act၊ Antimonopoly Act၊ Unauthorized Computer Access Act၊ Consumer Contract Act စတဲ့ ဥပဒေတွေအောက်ကပဲ ထိန်းကျောင်းတာကို တွေ့ရှိခဲ့ရပြီး Law အသီးသီးမှာ ပါဝင်တဲ့ ပြဋ္ဌာန်းချက်တွေကို Interpret လုပ်ဖို့ Guideline on Electronic Commerce ကို ထုတ်ပြန်ထားပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှာ e-Commerce Law ကို မူကြမ်းရေးဆွဲနေတဲ့ကာလဖြစ်ပြီး e-Commerce လုပ်ငန်းတွေကို အားပေးမြှင့်တင်ဖို့၊ စားသုံးသူတွေကို အကာအကွယ်ပေးနိုင်ဖို့နဲ့ မူဝါဒတွေချမှတ်ဖို့ အရေးပေါ်လိုအပ်တဲ့ အချိန်ဖြစ်တာမို့ လက်ရှိဥပဒေတွေအောက်ကနေ ဆက်စပ်တဲ့ မူဝါဒထိန်းကျောင်းမှုတွေကို စုစုစည်းစည်း ဖော်ပြနိုင်တဲ့၊ အခြားအကာအကွယ်မရှိသေးတဲ့ နယ်ပယ်တွေကို ဖော်ပြပေးနိုင်မယ့် Guidelines တစ်ခုကို အမြန်ဆုံးရေးဆွဲနေခြင်း ဖြစ်ပါတယ်။ Guideline ကို ကာလနဲ့အညီ ပြုပြင်ပြောင်းလဲလို့ရတဲ့ Live Document အနေနဲ့ ထားရှိသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ Guidelines ဆွဲတာ ဘယ်အဆင့်ရောက်နေပြီလဲ၊ ဘယ်လိုအကြောင်းအရာတွေ ပါဝင်ပါသလဲ။**

**ဖြေ။ ။** e-Commerce Guidelines ရေးဆွဲတဲ့နေရာမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)မှာ လက်ရှိဆွေးနွေးညှိနှိုင်းနေတဲ့ Elements တွေကိုလည်း ထည့်သွင်းစဉ်းစားသလို အာဆီယံရဲ့ e-Commerce Guidelines ပါအချက်တွေ၊ ASEAN e-Commerce သဘောတူညီချက်တွေနဲ့လည်း သွေဖည်ခြင်းမရှိစေဘဲ နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ ရှေ့ဆက်သွားမယ့် လမ်းကြောင်းတွေအပေါ်မှာ အခြေခံပြီး ဘက်ပေါင်းစုံကနေ ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အစိုးရ-ပုဂ္ဂလိက ဆွေးနွေးတိုင်ပင်မှု (Consultation) ဖြစ်စဉ်ကို အလေးထားတဲ့အတွက် e-Commerce Guidelines ရေးဆွဲရာမှာ Stakeholder တွေ ပါဝင်နိုင်ရေးနဲ့ all inclusive ဖြစ်စေရေးအတွက် ဂေဟစနစ်မှာ ပါဝင်ကြတဲ့ ဌာနတွေ၊ လုပ်ငန်းတွေနဲ့ အသင်းအဖွဲ့တွေကို အကြံဉာဏ်တွေပေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

Guideline မူကြမ်းကို မေ ၈ ရက်မှာ ဌာနဆိုင်ရာတွေနဲ့ ဆက်စပ်အသင်းအဖွဲ့တွေဆီ ဖြန့်ဝေခဲ့ပြီး Payment Industry များကို မေလ တတိယပတ်အတွင်းမှာ ဖြန့်ဝေခဲ့ပါတယ်။ လက်ရှိမှာတော့ လက်ခံရရှိတဲ့ ပြန်ကြားချက်တွေကို စိစစ်လျက်ရှိပြီး International e-Commerce Lawer ရဲ့ အကူအညီနဲ့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ပြီးတော့ ပြင်ဆင်ပြီးမူကြမ်းကို ထပ်မံဖြန့်ဝေခြင်း၊ Consultation ပြုလုပ်ခြင်း၊ ထပ်မံပြင်ဆင်ခြင်း၊ အထက်ဌာနများသို့ တင်ပြအတည်ပြုခြင်း စတဲ့လုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

Guidelines ကို ဒီနှစ်မကုန်မီ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ Guidelines မှာ ကိုးကားချက်၊ ရည်ရွယ်ချက်၊ အဓိပ္ပာယ်များ၊ ဥပဒေရေးရာနယ်ပယ်၊ တရားစီရင်ပိုင်ခွင့်၊ အနာဂတ်ပြင်ဆင်ရေး၊ သက်ဆိုင်သောဥပဒေများနှင့် စည်းမျဉ်းများ၊ e-Commerce စီးပွားရေးလုပ်ငန်းများ၏ တာဝန်ဝတ္တရား၊ e-Commerce အရောင်းအဝယ်ကိစ္စ၊ စာချုပ်များချုပ်ဆိုခြင်း၊ e-Commerce စားသုံးသူကာကွယ်ရေး၊ လိမ်လည်မှုနှင့် အထင်အမြင်မှားစေသောအပြုအမူများ၊ ကုန်ပေးပို့ခြင်း၊ ကုန်ပစ္စည်းပြန်ပို့၊ ပြန်အမ်း၊ နစ်နာကြေးကိစ္စများ၊ ဈေးကွက်ရှာဖွေခြင်း၊ anti-spam ကိစ္စများ၊ အသိပညာပေးခြင်း၊ ကိုယ်ရေးအချက်အလက်နှင့် အချက်အလက်ကာကွယ်ခြင်း၊ IPR နှင့် ပလက်ဖောင်းတာဝန်ဝတ္တရားများ စတဲ့ ကိစ္စရပ်တွေ ပါဝင်ပါတယ်။

ဒီမှာ ပြည်သူအများ အထူးအာရုံစိုက်စရာကိစ္စရပ်အဖြစ် ပါဝင်လာမှာကတော့ မိမိသဘောဆန္ဒအလျောက် မှတ်ပုံတင်တဲ့စနစ်(Voluntary Registration System)ပဲ ဖြစ်ပါတယ်။

**မေး။ ။ e-Commerce (online shop)တွေအတွက် မိမိသဘောဆန္ဒအလျောက် မှတ်ပုံတင်တဲ့စနစ် (Voluntary Registration System)လုပ်ဆောင်နေတဲ့အတွက် အဲဒီမှတ်ပုံတင်စနစ်က ဘယ်လိုဆိုတာကို သိပါရစေ။**

**ဖြေ။ ။** မြန်မာနိုင်ငံမှာ အီလက်ထရောနစ် အသုံးပြုလုပ်ငန်းတွေ လုပ်တဲ့နေရာမှာ အထူးသဖြင့် online shop တွေ လုပ်တဲ့နေရာမှာ formal marketplace/ platform တွေက ဆောင်ရွက်ခြင်းထက် social media facebook တွေပေါ်ကနေ ရောင်းချဆောင်ရွက်ကြတဲ့ အရေအတွက်က ပိုမိုများပြားတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ရောင်းသူဝယ်သူတွေအကြားမှာ ယုံကြည်မှု ပိုမိုမြှင့်တင်နိုင်ဖို့နဲ့ marketplace/platform တွေက တစ်ဆင့် ရောင်းချမှုတွေ ပိုမိုများပြားလာဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ online shop တွေအတွက် မိမိသဘောဆန္ဒအလျောက် မှတ်ပုံတင်တဲ့ (voluntary registration) စနစ်တစ်ခုကို ဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ခြင်း ဖြစ်ပါတယ်။

မှတ်ပုံတင်နိုင်တဲ့ အရည်အချင်းသတ်မှတ်ချက်အဖြစ် ယေဘုယျအနေနဲ့ကတော့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)အရ မှတ်ပုံတင်ထားတဲ့ကုမ္ပဏီဖြစ်ဖို့၊ https .com (သို့).com.mm စတဲ့ တရားဝင် Domain Name / Sub Domain Name တွေနဲ့ မှတ်ပုံတင်ထားရှိပြီး online shop ဆောင်ရွက်နေတဲ့ လုပ်ငန်းဖြစ်ဖို့၊ လက်ရှိ ပြည်တွင်းမှာ အခြေပြုပြီး အွန်လိုင်းက ကုန်စည်(သို့) ဝန်ဆောင်မှု ရောင်းဝယ်ဖောက်ကားခြင်း ဆောင်ရွက်နေတဲ့ လုပ်ငန်းဖြစ်ဖို့၊ ဆောင်ရွက်မယ့်ကုန်စည်ရောင်းဝယ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အခြားဆက်စပ်ဌာနတွေရဲ့ ခွင့်ပြုချက်ကို ရရှိပြီးလည်းဖြစ်ဖို့ ကနဦး ဆွေးနွေးထားပါတယ်။

မှတ်ပုံတင်တဲ့အခါ အွန်လိုင်းပေါ်ကနေ တင်နိုင်တဲ့ စနစ်ဖြစ်အောင် ဆောင်ရွက်ပေးမှာဖြစ်ပြီး မှတ်ပုံတင်ကြေးပေးဖို့မလိုဘဲ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မှတ်ပုံတင်တဲ့နေရာမှာ ပထမအဆင့်အနေနဲ့ Marketplace တွေကို ဦးစွာမှတ်ပုံတင်ပေးမှာဖြစ်ပြီး ကျန် payment ၊ delivery services တွေ၊ social media ကရောင်းချနေတဲ့ social commerce တွေကိုတော့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေနဲ့ ဆက်လက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလို မှတ်ပုံတင်တဲ့အတွက် ရောင်းသူဝယ်သူအကြား ယုံကြည်မှုပိုမိုရနိုင်မယ်။ ရောင်းသူဝယ်သူအကြား အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်လာမယ်ဆိုရင်လည်း ဥပဒေလမ်းကြောင်းအရ မှန်မှန်ကန်ကန် ဖြေရှင်းပေးနိုင်မယ်။ Informal ဆောင်ရွက်နေတဲ့ Social Commerce လုပ်ငန်းတွေကိုလည်း မှတ်ပုံတင်ထားတဲ့ Marketplace တွေဆီကို ဆွဲဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ e-Commerce ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့လည်း ဘယ်လိုလုပ်ငန်းစဉ်တွေမှာ ဘယ်လို ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။ ။** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက United Nations Conference on Trade and Development-UNCTAD နဲ့ ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်မှာ အီလက်ထရောနစ်အသုံးပြုလုပ်ငန်းတွေရဲ့ အဆင်သင့်ဖြစ်မှုအခြေအနေကို ဆန်းစစ်ချက်ပြုလုပ်ခဲ့ပါတယ်။ ဆန်းစစ်ချက်ပါ တွေ့ရှိချက်တွေကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်တဲ့ Donor Roundtable ကို ၂၀၁၈ ခုနှစ်မှာ ပြုလုပ်ခဲ့ပြီး ဖွံ့ဖြိုးမှုမိတ်ဖက်တွေရဲ့ စိတ်ပါဝင်စားမှုနဲ့ ကတိကဝတ်တွေကို ရရှိခဲ့ပါတယ်။

လက်ရှိ EIF Tier 2 အဆင့်အဖြစ် ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံ ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်း စီမံကိန်းအောက်ကနေ E-Commerce Strategy ကို UNCTAD အဖွဲ့အစည်းနဲ့ ပူးပေါင်းရေးဆွဲနေပါတယ်။



ညွှန်ကြားရေးမှူး ဦးညီညီအောင်

ဩစတြေးလျနိုင်ငံ Department of Foreign Affairs and Trade-DFAT ရဲ့ နည်းပညာအထောက်အပံ့နဲ့ Digital Trade Policy Framework ကို ရေးဆွဲနေပါတယ်။ ဒ့ါအပြင် DFAT ရဲ့ နည်းပညာအထောက်အပံ့နဲ့ ကိုဗစ်ကာလအတွင်း Offline မှ Online ကို ကူးပြောင်းမယ့် လုပ်ငန်းငယ်တွေအတွက် အထောက်အကူပြု Good Practice Guide တွေကို ထုတ်ဝေသွားမှာဖြစ်ပြီး အစားအသောက်နှင့် ကုန်စုံလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေး၊ Consumer Good များ လက်လီရောင်းချခြင်းလုပ်ငန်းများအတွက် Good Practice Guide လေးခုကို ၂၀၂၀ ပြည့်နှစ် မေလကုန်မှာ မူကြမ်းထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။

EU Myanmar ARISE Plus စီမံကိန်း အောက်မှာ SME လုပ်ငန်းတွေ ဒစ်ဂျစ်တယ်ကုန်သွယ်မှု အသွင်ကူးပြောင်းပြီး ကမ္ဘာ့ဈေးကွက် ထိုးဖောက်နိုင်ရေး အထောက်အကူပြု လုပ်ငန်းစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ CERP ပါ စီမံချက်တွေကို အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်နိုင်ဖို့အတွက် တခြားသော ဖွံ့ဖြိုးမှု မိတ်ဖက်တွေနဲ့လည်း ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

**မေး။ ။ ညီလာခံကျင်းပမှုကို ပြန်လည်ထုတ်လွှင့်သွားဖို့ အစီအစဉ်ရှိရင် ဘယ်လို ပြန်လည်ထုတ်လွှင့်ဖို့ စီစဉ်ထားသလဲဆိုတာ သိပါရစေ။**

**ဖြေ။ ။** ညီလာခံ ကျင်းပဆွေးနွေးမှုတွေကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့အတွက် အပိုင်းလိုက် Editing Video တွေအဖြစ် မီဒီယာတွေကတစ်ဆင့် ပြန်လည်ထုတ်လွှင့်သွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ပြည်သူတွေသိရှိစေဖို့ ဘာများ ဖြည့်စွက်ပြောကြားချင်ပါသေးလဲ။**

**ဖြေ။ ။** ၂၀၁၇ ခုနှစ်က စတင်ပြီး e-Commerce နဲ့ ပတ်သက်တဲ့ အစိုးရ-ပုဂ္ဂလိက ဆွေးနွေးမှုတွေ၊ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အစဉ်တစိုက် လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (DEDC) အောက်မှာ ဖွဲ့စည်းထားတဲ့ ဒစ်ဂျစ်တယ်ကုန်သွယ်မှုနှင့် e-Commerce ဖွံ့ဖြိုးတိုးတက်မှု ဆပ်ကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို တာဝန်ပေးအပ်ခဲ့ပြီး DEDC ရဲ့ လမ်းပြမြေပုံကို လိုက်ပါအကောင်အထည်ဖော်နေတဲ့ လုပ်ငန်းစဉ်တွေလည်း ရှိပါတယ်။

e-Commerce မဟာဗျူဟာကို ရေးဆွဲလျက်ရှိပြီးတော့ အခုနှစ်ကုန်ပိုင်းမှာ ထုတ်ပြန်သွားဖို့လည်း ရည်ရွယ်ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့ e-Commerce ဂေဟစနစ်ဖွံ့ဖြိုးစေဖို့ ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေကို အများပြည်သူက ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေဖို့ ကျွန်တော်တို့ဘက်ကလည်း အစွမ်းကုန် ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

**မင်းမင်းဇော်၊ ဟန်နီဝင်း(သတင်းစဉ်)**

## ဆည်ရေအကျိုးရှိစွာအသုံးပြုနိုင်ရန် ရေအသုံးချသူများအဖွဲ့မှ တောင်သူများ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်အတွင်းရှိ ရေအသုံးချသူများအဖွဲ့(WUG)မှ တောင်သူများသည် ယခုနှစ် နွေစပါးရာသီအတွင်း ဆည်ရေကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ရေအလေအလွင့် နည်းပါးစေရန်နှင့် အချိန်တိုအတွင်း ရေလိုအပ်သောနေရာများသို့ ဆည်ရေရောက်ရှိနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးစပါးမစိုက်ပျိုးမီ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘုရားကွင်းကျေးရွာအုပ်စု ရေအသုံးချသူများအဖွဲ့မှ တောင်သူများပူးပေါင်း၍ ကညင်ရေလှောင်တမံ၏ လက်တံမြောင်းခွဲ အမှတ်(၄) ရေပေးမြောင်းတစ်လျှောက် သဲနုန်းဆယ်ခြင်း၊ ချုံနွယ်ရှင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးခိုင်က ပြောသည်။

ကညင်ဆည်ရေသောက် ဧရိယာအတွင်းရှိ ဆည်ရေအသုံးပြု တောင်သူများ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်တွင် ပိုမိုပါဝင်ဆောင်ရွက်လာနိုင်ခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သည့်ဆည်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရေအသုံးချသူများအဖွဲ့ တိုးချဲ့ဖွဲ့စည်းလျက်ရှိသည်။

ကညင်ရေလှောင်တမံသည် ရေသိုလှောင်ပမာဏ ဧကပေ ၁၄၅၀၀၀ ရှိပြီး နွေစပါးစိုက် ဧက ၁၈၄၆၂ ဧကထိ အပြည့်အဝ ရေပေးဝေနိုင်ကြောင်း၊ ဆည်ရေဖြင့် ယခုနှစ် နွေစပါးစိုက်ရာသီတွင် ဧက ၈၄၁၀ ကို ရေပေးဝေနိုင်ခဲ့ပြီး မိုးစပါးအတွက် ၁၈၄၆၂ ဧကကို ဖြည့်စွက်ရေနှင့် အောင်ရေပေးဝေခဲ့ကြောင်း သိရသည်။

**မင်းသစ်(MNA)**

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

**အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း (၂၆၄) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-**

**စဉ်** **မြန်မာစံချိန်စံညွှန်းများ**

၁ MMS IEC 60034-1:2017 လည်ပတ်လှုပ်ရှားဆောင်ရွက်သည့် လျှပ်စစ်စက်ပစ္စည်းများ - အပိုင်း (၁) - စံနှုန်းသတ်မှတ်မှုနှင့် စွမ်းဆောင်ရည်

၂ MMS IEC 60064:1993+AMD5:2009 အိမ်သုံးတန်စတင် မီးစာမျှင်ပါ မီးလုံးများနှင့် အလားတူ အထွေထွေသုံး အလင်းရောင်ပေးပစ္စည်းများ - စွမ်းဆောင်ရည် လိုအပ်ချက်များ

၃ MMS IEC 60065: 2014 အော်ဒီယို၊ ဗီဒီယိုနှင့် အလားတူ အီလက်ထရောနစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ

၄ MMS IEC 60081:1997+AMD6:2017 ငုတ်နှစ်ခုပါ မီးချောင်းများ- စွမ်းဆောင်ရည် သတ်မှတ်ချက်များ

၅ MMS IEC 60086-1:2015 တစ်ခါသုံးဓာတ်ခဲများ - အပိုင်း (၁) - အထွေထွေ

၆ MMS IEC 60086- 2:2015 တစ်ခါသုံးဓာတ်ခဲများ- အပိုင်း(၂) - သွင်ပြင်နှင့် လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်များ

၇ MMS IEC 60155:1993/AMD2:2006 မီးချောင်းများအတွက် စတာ့တာများ

၈ MMS IEC 60227-7:1995+AMD1:2003+AMD2:2011 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့ အထိရှိသော ပိုလီဗီနိုင်းကလိုရိုက် လျှပ်ကာဝါယာကေဘယ်လ်ကြိုးများ- အပိုင်း(၇) - သတ္တုအလွှာပါးပါနှင့် သတ္တုအလွှာပါးမပါသည့် လျှပ်ကူးနှစ်ကြိုး သို့မဟုတ် နှစ်ကြိုးထက်ပို၍ ပါသော ဝါယာကေဘယ်လ် ကြိုးပျော့များ

၉ MMS IEC 60238:2016+AMD1:2017+AMD2:2020 အက်ဒီဆင်ဝက်အူရစ် မီးခေါင်းများ

၁၀ MMS IEC 60245-1:2003+AMD1:2007 ရော်ဘာလျှပ်ကာဝါယာကေဘယ်လ်ကြိုးများ - သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အထိ - အပိုင်း (၁) - အထွေထွေလိုအပ်ချက်များ

၁၁ MMS IEC 60245-4:2011 ရော်ဘာလျှပ်ကာဝါယာကေဘယ်လ်ကြိုးများ - သတ်မှတ်ဗို့အား ၄၅၀/ ၇၅၀ ဗို့ အထိ - အပိုင်း (၄) - ပလပ်ခေါင်းပါ ကြိုးပျော့နှင့် ဝါယာကေဘယ်လ်ကြိုးပျော့များ

၁၂ MMS IEC 60245-6:1994/ AMD2:2003 ရော်ဘာလျှပ်ကာဝါယာကေဘယ်လ်ကြိုးများ - သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့ အထိ - အပိုင်း(၆) - ဂဟေဆော်ဝါယာကြိုး

၁၃ MMS IEC 60245-7:1994/AMD1:1997 ရော်ဘာလျှပ်ကာဝါယာကေဘယ်လ်ကြိုးများ - သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့ အထိ - အပိုင်း (၇) - အပူခံ အီသလင်း-ဗီနိုင်းအက်စီတိတ်ရော်ဘာ လျှပ်ကာ ဝါယာကေဘယ်လ်ကြိုးများ

၁၄ MMS IEC 60245-8:1998+AMD1:2003+AMD2:2011 ရော်ဘာလျှပ်ကာ ဝါယာကေဘယ်လ်များ -သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့ အထိ - အပိုင်း(၈) - ကွေးဆန့်နိုင်မှု များများလိုအပ်သည့်နေရာတွင် အသုံးပြုသည့် ပလပ်ခေါင်းပါ ဝါယာကြိုးပျော့များ

၁၅ MMS IEC 60269-1:2006+AMD1:2009+AMD2:2014 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း (၁) - အထွေထွေလိုအပ်ချက်များ

၁၆ MMS IEC 60269-2:2013+AMD1:2016 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း(၂) - သက်ဆိုင်ရာ ဆောင်ရွက်ခွင့်ရှိသူများသာ လုပ်ကိုင်ရမည့် ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (စက်မှုလုပ်ငန်းတွင် အဓိကအသုံးပြုသည့် ဖျူးစ်များ) A မှ K အထိ ဖျူးစ်များ၏ စံသတ်မှတ်ထားသည့် စနစ်ဥပမာများ

၁၇ MMS IEC 60269-3:2010+AMD1:2013+AMD2:2019 ဗို့အားနိမ့်ဖျူးစ်များ -အပိုင်း (၃)- သာမန် ဆောင်ရွက်သူများသာလုပ်ကိုင်ရမည့် ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (နေအိမ်သို့မဟုတ် အလားတူနေရာများတွင် အဓိကအသုံးပြုသည့် ဖျူးစ်များ) A မှ F အထိ ဖျူးစ်များ၏ စံသတ်မှတ်ထားသည့်စနစ်ဥပမာများ

၁၈ MMS IEC 60269-4:2009+AMD1:2012+AMD2:2016 ဗို့အားနိမ့်ဖျူးစ်-အပိုင်း (၄) - တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ အကာအကွယ်ပြုဖျူးစ်-လင့်ခ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ

၁၉ MMS IEC 60320-1:2015+AMD 1:2018 အိမ်သုံးနှင့် အလားတူ အထွေထွေ အသုံးပြုခြင်းများအတွက် ဆက်သွယ် ခေါင်းပါသွယ်ကြိုး- အပိုင်း(၁) - အထွေထွေလိုအပ်ချက်များ

၂၀ MMS IEC 60320-2-1:2018 အိမ်သုံးနှင့်အလားတူအထွေထွေ အသုံးပြုခြင်းများအတွက် ဆက်သွယ် ခေါင်းပါ သွယ်ကြိုး - အပိုင်း (၂-၁) - အပ်ချုပ်စက်

၂၁ MMS IEC 60320-2-2:1998 အိမ်သုံးနှင့်အလားတူအထွေထွေ အသုံးပြုခြင်းများအတွက် ဆက်သွယ်ခေါင်းပါသွယ်ကြိုး - အပိုင်း (၂-၂) - အိမ်သုံးနှင့် အလားတူပစ္စည်းများအတွက် အပြန်အလှန် သွယ်ကြိုး

၂၂ MMS IEC 60320-2-3:2018 အိမ်သုံးနှင့်အလားတူအထွေထွေ အသုံးပြုခြင်းများအတွက် ဆက်သွယ်ခေါင်းပါသွယ်ကြိုး -အပိုင်း (၂-၃)- ကာကွယ်မှု သတ်မှတ်ချက် IPX0 ထက်သာလွန်သော ဆက်သွယ်ခေါင်းပါ သွယ်ကြိုး

၂၃ MMS IEC 60320-2-4 :2018 အိမ်သုံးနှင့် အလားတူ အထွေထွေ အသုံးပြုခြင်းများအတွက် ဆက်သွယ်ခေါင်းပါသွယ်ကြိုး - အပိုင်း (၂-၄) - ပစ္စည်း၏ အလေးချိန်နှင့် သင့်လျော်မှန်ကန်စွာ ချိတ်ဆက်နိုင်ရန် ဆက်သွယ်ပေးသောပစ္စည်း

၂၄ MMS IEC 60335-2-101 :2002+AMD1:2008+AMD2:2014 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂ - ၁၀၁) - မွေးရနံ့ထုတ်စက်အတွက် သီးခြားလိုအပ်ချက်များ

၂၅ MMS IEC 60335-2-11 :2019 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၁) - အဝတ်အခြောက်ခံစက်အတွက် သီးခြားလိုအပ်ချက်များ

၂၆ MMS IEC 60335-2-12:2002+AMD1:2008+AMD 2:2017 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၂) - အစားအသောက်နွေးဖို့နှင့် အလားတူ လျှပ်စစ်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၂၇ MMS IEC 60335-2-13:2009+AMD1:2016 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၃) - လျှပ်စစ်ဆီကြော်အိုးများ၊ လျှပ်စစ်ဒယ်အိုးများနှင့် အလားတူ ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၂၈ MMS IEC 60335-2-14:2016+AMD1:2019 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၄) - မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၂၉ MMS IEC 60335-2-24:2010 +AMD1:2012+AMD2:2017 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၂၄) - အအေးပေးသည့်ပစ္စည်းများ၊ ရေခဲမုန့်နှင့် ရေခဲပြုလုပ်သည့် စက်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၀ MMS IEC 60335-2-25 :2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၂၅) - မိုက်ခရိုဝေ့ဖ်မီးဖိုများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၁ MMS IEC 60335-2-34:2012+AMD1:2015+AMD2:2016 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၃၄) - မော်တာ-ကွန်ပရက်ဆာဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၂ MMS IEC 60335-2-35:2012+AMD1:2016 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၃၅) - အပူမြန်ရေပူပေးကိရိယာဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၃ MMS IEC 60335-2-36 :2017 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၃၆) - စီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်မီးဖိုတွဲများ၊ ပေါင်းဖိုများ၊ မီးဖိုများနှင့် မီးဖို၏ အပူထုတ် အစိတ်အပိုင်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၄ MMS IEC 60335-2-4:2008+AMD1:2012+AMD2:2017 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၄) - အဝတ်ညှစ်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၅ MMS IEC 60335-2-7 :2019 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၇) - အဝတ်လျှော်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၆ MMS IEC 60335-2-73:2002+AMD1:2006+AMD2:2009 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၇၃) - အထိုင်ချ တပ်ဆင်ထားသော နှစ်မြှုပ်အပူပေးကိရိယာများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၇ MMS IEC 60335-2-9 :2019 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၉) - အကင်စက်၊ ပေါင်မုန့်မီးကင်စက်နှင့် အလားတူ အလွယ်တကူ သယ်ဆောင်နိုင်သော ချက်ပြုတ်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ

၃၈ MMS IEC 60400 :2017 မီးချောင်းများနှင့် စတာ့တာတို့အတွက် အထိုင်ပစ္စည်းများ

၃၉ MMS IEC 60432-1:1999+AMD1:2005+AMD2:2011 မီးစာမျှင်ပါမီးလုံး - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၁) - အိမ်သုံးနှင့် အလားတူ အထွေထွေအလင်းရောင်ပေးသည့် တန်စတင် မီးစာမျှင်ပါ မီးလုံးများ

၄၀ MMS IEC 60432-2:1999+AMD1:2005+AMD2:2012 မီးစာမျှင်ပါမီးလုံး- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂)- အိမ်သုံးနှင့် အလားတူ အထွေထွေအလင်းပေးသည့် တန်စတင် ဟေလိုဂျင် မီးလုံး

၄၁ MMS IEC 60432-3 :2012 မီးစာမျှင်ပါ မီးလုံး- အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၃) -တန်စတင် မီးစာမျှင်ပါဟေလိုဂျင်မီးလုံး (ယာဉ်များအတွက်မပါ)

၄၂ MMS IEC 60454-3-1:1998+AMD1:2001 လျှပ်စစ်ဆိုင်ရာသုံးစွဲရန် သာမန်အမျိုးအစား အထွေထွေသုံးတိပ်များ - အပိုင်း(၃) - ပစ္စည်းတစ်ခုချင်းအတွက် သတ်မှတ်ချက်များ - စာ ၁ - ပီဗွီစီအလွှာပါး အထွေထွေသုံးတိပ်

၄၃ MMS IEC 60598-1:2014+AMD1:2017 အလင်းပေးပစ္စည်းများ- အပိုင်း (၁)- အထွေထွေလိုအပ်ချက်နှင့် စမ်းသပ်ခြင်း

၄၄ MMS IEC 60598-2-1:1979/AMD1:1987 အလင်းပေးပစ္စည်းများ- အပိုင်း (၂) - သီးခြားလိုအပ်ချက် - အခန်း(၁) - အထိုင်ချတပ်ဆင်သည့် အထွေထွေသုံး အလင်းပေးပစ္စည်းများ

၄၅ MMS IEC 60598-2-2 :2011 အလင်းပေးပစ္စည်းများ - အပိုင်း (၂-၂) - သီးခြားလိုအပ်ချက်- အံခွက်အတွင်း တပ်ဆင်သည့် အလင်းပေးပစ္စည်းများ

၄၆ MMS IEC 60598-2-3:2002+AMD1:2011 အလင်းပေးပစ္စည်းများ- အပိုင်း (၂-၃)-သီးခြားလိုအပ်ချက်- လမ်းမီးဆိုင်ရာ အလင်းပေးပစ္စည်းများ

၄၇ MMS IEC 60598-2-20:2014/COR1:2016 အလင်းပေးပစ္စည်းများ- အပိုင်း (၂-၂၀) - သီးခြားလိုအပ်ချက်- မီးတွဲများ

၄၈ MMS IEC 60598-2-5 :2015 အလင်းပေးပစ္စည်းများ - အပိုင်း (၂-၅) - သီးခြားလိုအပ်ချက် - ဖြာထွက်မီးဆလိုက်

၄၉ MMS IEC 60598-2-4 :2017 အလင်းပေးပစ္စည်းများ - အပိုင်း (၂)- သီးခြားလိုအပ်ချက်-အခန်း-(၄)-အလွယ်တကူသယ်ဆောင်နိုင်သော အထွေထွေသုံး အလင်းပေးပစ္စည်းများ

၅၀ MMS IEC 60598-2-8 :2013 အလင်းပေးပစ္စည်းများ - အပိုင်း (၂)- သီးခြားလိုအပ်ချက်- လက်ကိုင်မီးအိမ်များ

၅၁ MMS IEC 60669-2-1:2002+AMD1:2008+AMD2:2015 အိမ်သုံးနှင့်အလားတူ အထိုင်ချ လျှပ်စစ်တပ်ဆင်ခြင်းများဆိုင်ရာ ခလုတ်များ- အပိုင်း (၂ - ၁) - သီးသန့်လိုအပ်ချက် -အီလက်ထရောနစ်ခလုတ်များ

၅၂ MMS IEC 60669-2-2 :2006 အိမ်သုံးနှင့်အလားတူ အထိုင်ချလျှပ်စစ်တပ်ဆင်မှုများအတွက် ခလုတ်များ- အပိုင်း (၂ -၂) - သီးခြားလိုအပ်ချက်များ - အဝေးထိန်းခလုတ်များ

၅၃ MMS IEC 60669-2-3 :2006 အိမ်သုံးနှင့်အလားတူ အထိုင်ချလျှပ်စစ်တပ်ဆင်မှုများအတွက် ခလုတ်များ - အပိုင်း (၂-၃)- သီးခြားလိုအပ်ချက်များ - အချိန်ဆိုင်းခလုတ်များ

၅၄ MMS IEC 60745-2-1 :2003/AMD 1 :2008 မော်တာပါရှိသော လက်သုံး လျှပ်စစ်ကိရိယာများ - ဘေးအန္တရာယ်ကင်းရှင်းမှု - အပိုင်း (၂-၁)- လွန်များအတွက် သီးခြားလိုအပ်ချက်များ

၅၅ MMS IEC 60745-2-11 : 2003/AMD 1 :2008 မော်တာပါရှိသော လက်သုံး လျှပ်စစ်ကိရိယာများ - ဘေးအန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၁)- ထွင်းဖြတ်လွှများဆိုင်ရာ သီးခြားလိုအပ်ချက်များ၊ ထွင်းဖြတ်လွှများ (၆၀ မီလီမီတာအထိ)

၅၆ MMS IEC 60745-2-14 :2003/ AMD 1 :2006 /AMD 2 :2010 မော်တာပါ လက်သုံးလျှပ်စစ်ကိရိယာများ - ဘေးအန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၄)- ရွှေဘော်ဆိုင်ရာ သီးခြားလိုအပ်ချက်များ၊ လျှပ်စစ်ရွှေဘော်များ (၅၀၀ ဝပ် အထိ)

၅၇ MMS IEC 60745-2-15 :2006/AMD 1 :2009 မော်တာပါ လက်သုံး လျှပ်စစ်ကိရိယာများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၅)- ချုံနွယ်မြက်ရိတ်စက်များဆိုင်ရာ သီးခြားလိုအပ်ချက်များ၊ ချုံနွယ်မြက်ရိတ်စက်နှင့် မြက်ဖြတ်စက်များ (၇၅၀ ဝပ်အထိ)၊ မြက်ရိတ်စက် (၃၀၀ ဝပ်အထိ)

၅၈ MMS IEC 60745-2-17 :2010 မော်တာပါ လက်သုံးလျှပ်စစ်ကိရိယာများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၁၇) - ထွင်းကြောင်းဖော်စက်နှင့် မြက်ရိတ်စက်များအတွက် သီးခြားလိုအပ်ချက်များ - ထွင်းကြောင်းဖော်စက်နှင့် မြက်ရိတ်စက် (၅၀၀ ဝပ်အထိ)

၅၉ MMS IEC 60745-2-4:2002+AMD1:2008 မော်တာပါ လက်သုံး လျှပ်စစ်ကိရိယာများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၄)- ကော်ပတ်စားစက်နှင့် အရောင်တင်စက် (အဝိုင်းပုံစံမှအပ) ဆိုင်ရာတို့အတွက် သီးခြားလိုအပ်ချက်များ - လျှပ်စစ်ကော်ပတ်စားစက် (ဝပ် ၃၀၀ အထိ)

၆၀ MMS IEC 60745-2-3:2006+AMD1:2010+AMD2:2012 မော်တာပါ လက်သုံး လျှပ်စစ်ကိရိယာများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၃)- ကျောက်စက်၊ အရောင်တင်စက်နှင့် အဝိုင်းပုံကော်ပတ်စားစက်များဆိုင်ရာ သီးခြားလိုအပ်ချက်များ - ကျောက်စက် (၁၀၀ မီလီမီတာအထိ)

၆၁ MMS IEC 60745-2-5 :2010 မော်တာပါ လက်သုံးလျှပ်စစ်ကိရိယာများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂-၅) - လွှဝိုင်းဆိုင်ရာ သီးခြားလိုအပ်ချက်များ - လျှပ်စစ်အသုံးပြုလွှဝိုင်းများနှင့် စက်ဝိုင်းဓားများ (အသွား ၁၆၀ မီလီမီတာ အထိ)

၆၂ MMS IEC 60745-2-7 :1989 မော်တာပါလက်သုံးလျှပ်စစ်ကိရိယာများ - အန္တရာယ်ကင်းရှင်းရေး - အပိုင်း (၂) - မီးမလောင်နိုင်သော ဆေးရည် အသုံးပြု ဆေးဖျန်းကိရိယာများဆိုင်ရာ သီးခြားလိုအပ်ချက်များ- လျှပ်စစ်အသုံးပြု ဆေးဖျန်းကိရိယာ (၁၀၀ ဘား အထိ)

**(ဆက်လက်ဖော်ပြပါမည်)**

# ငွေကြေးအခက်အခဲရှိလို့ မျှော်လင့်တဲ့အချိန်မှာ ချေးငွေရတယ်ဆိုတော့ ရေငတ်တုန်း ရေတွင်းထဲကျသလိုပါပဲ။ ချေးငွေရမယ်ဆိုတော့ ကျေးဇူးတင်ပါတယ်။

**ဦးသန်းထွန်း (အမှုဆောင်ဒါရိုက်တာ၊ Baw Phyu Taung Co.,Ltd.)**

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးထိခိုက်မှုများရှိခဲ့သည့်နည်းတူ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ထိခိုက်မှုများရှိခဲ့သည်။ ထို့ကြောင့် စီးပွားရေးထိခိုက်မှုများကို တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ကုမ္ပဏီ၊ လုပ်ငန်းများအတွက် လတ်တလောဖြစ်ပေါ်နေသည့် ငွေကြေးအခက်အခဲများကို အထောက်အကူပြုနိုင်ရန်အတွက် ချေးငွေများကို စိစစ်ပြီးထုတ်ပေးလျက်ရှိရာ ငါးကြိမ်ရှိပြီဖြစ်သည်။

**သတင်းအင်တာဗျူး - မျိုးမင်းနိုင်**
**ဓာတ်ပုံ-မျိုးမြင့်(သတင်းစဉ်)**


ဦးသန်းထွန်း


ကိုရွှေဘ


ကိုကျော်ဇေယျ


ကိုအောင်နိုင်ထွန်း


ကိုဇော်ဝင်း

ထိုသို့ ချေးငွေများ စိစစ်ထုတ်ချေးပေးရာတွင် ပဉ္စမအကြိမ် ချေးငွေထုတ်ယူခွင့်ရရှိမည့် ကုမ္ပဏီ၊ လုပ်ငန်းစုများမှ တာဝန်ရှိသူများ၏ ပြောကြား ချက်များအား ဖော်ပြလိုက်ပါသည်-

**ဦးသန်းထွန်း (အမှုဆောင်ဒါရိုက်တာ၊ Baw Phyu Taung Co.,Ltd.)**

အခုလို ကိုဗစ်ကာလ ငွေကြေးခက်ခဲနေတဲ့ အချိန်မှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ရဲ့ အကူအညီတွေ မျှော်လင့်ပါတယ်။ ငွေကြေးအခက်အခဲရှိလို့ မျှော်လင့်တဲ့အချိန်မှာ ချေးငွေရတယ်ဆိုတော့ ရေငတ်တုန်း ရေတွင်းထဲကျသလိုပါပဲ။ လုပ်ငန်းရပ်မသွားအောင်၊ အလုပ်မှာရှိတဲ့ဝန်ထမ်းတွေ အလုပ်လက်မဲ့ မဖြစ်အောင်နဲ့ သူတို့ရဲ့အခြေခံစားဝတ်နေရေးတွေကို ရေရှည်ပံ့ပိုးပေးနိုင်ဖို့အတွက် ငွေကြေးအကူအညီ အထောက်အပံ့ တကယ်လိုအပ်နေတဲ့အချိန်မှာ ချေးငွေရမယ်ဆိုတော့ ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့စက်ရုံက ခဲသတ္တုအရိုင်းကို ရောင်းတန်းဝင်အောင် ပြန်သန့်စင်တဲ့ စက်ရုံပါ။ ကျွန်တော်တို့စက်ရုံမှာ ဝန်ထမ်း ၄၀ ကျော်ရှိပါတယ်။ အခုကိုဗစ်ဖြစ်တဲ့ကာလမှာ နိုင်ငံတကာမှာ အရောင်းအဝယ်တွေလည်း ရပ်သွားတယ်။ ကျွန်တော်တို့က ဝန်ထမ်းတွေကို အလုပ်အကိုင် စဉ်ဆက်မပြတ်ပေးနိုင်ရေးအတွက်ကို ရှိတဲ့ အင်အားနဲ့ တောင့်ထားတယ်။ လိုအပ်တဲ့ ဓာတုဗေဒပစ္စည်းတွေလည်း ဝယ်ထားပြီးသားဖြစ်တယ်။ ကုန်ချောကို တရုတ်နိုင်ငံကိုတင်ပို့ရောင်းချနိုင်မှသာ ကျွန်တော်တို့က ငွေပြန်ပေါ်မှာဖြစ်ပါတယ်။ ငွေပြန်ပေါ်တော့မှ လုပ်ငန်းပြန်လုပ်လို့ရမယ်၊ ကုန်ကြမ်းတွေ ပြန်ဖြည့်ရမယ်။ ခဲသတ္တုလုပ်ငန်းက ပုံမှန်ဝင်ငွေရှိနေတဲ့လုပ်ငန်းဖြစ်တယ်။ အခုငွေကြေးကြောင့် လုပ်ငန်းရပ်သွားရင်၊ ခုနစ်နှစ် ရှစ်နှစ်လောက် လုပ်ငန်းလည်ပတ်ပြီးဖြစ်တဲ့အတွက် အလုပ်ရပ်သွားရင် အင်မတန်နှမြောစရာကောင်းမယ်။ အခုလို နိုင်ငံတော်က ချေးငွေရလိုက်တယ်ဆိုတော့ စဉ်ဆက်မပြတ်လုပ်ကိုင်သွားနိုင်မှာပါ။ အခုဆိုရင် တရုတ်နိုင်ငံ ဈေးကွက်လည်း ပြန်ဖွင့်ပြီဖြစ်တဲ့အတွက် ပြန်လည်တင်ပို့လို့ရနေပြီဖြစ်ပါတယ်။ အခုလို နိုင်ငံတော်က ချေးငွေထုတ်ပေးတဲ့အတွက် လုပ်ငန်းက အရှိန်အဟုန်နဲ့ ပြန်လည်လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်နဲ့ စီမံဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ကိုရွှေဘ (Majesty Car Workshop ပိုင်ရှင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး)**

အခုလို ချေးငွေရလိုက်တဲ့အတွက် လုပ်ငန်းတိုးချဲ့မှုနဲ့ လုပ်ငန်းမှာလိုအပ်တဲ့ ပစ္စည်းတွေကို ပြန်ဝယ်ဖြည့်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးထိခိုက်တော့ လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေကိုလည်း ထပ်ပြီးဝယ်မဖြည့်နိုင်ဘူးဖြစ်နေတယ်။ အခုလို ချေးငွေရမယ်ဆိုတော့ အလုပ်မှာလိုတဲ့ ပစ္စည်းတွေလည်း ပြတ်လပ်တာမဖြစ်တော့ဘူး။ ကိုဗစ်ကာလအတွင်း လုပ်ငန်းတစ်လပိတ်လိုက်တဲ့အတွက် အလုပ်သမားတွေရဲ့ လစာကိုလည်း အကျေမရှင်းပေးနိုင်သေးဘူး။ ချေးငွေရတော့ အလုပ်သမားတွေရဲ့ လစာအတွက်လည်း အဆင်ပြေမယ်။ သူတို့ရဲ့ ကျန်းမာရေးထောက်ပံ့မှုတွေ လုပ်ပေးဖို့လည်း အဆင်ပြေတယ်။ ဒီချေးငွေနဲ့ လုပ်ငန်းချဲ့ထွင်ဖို့လည်းရှိတယ်။ အခုကျွန်တော်တို့ လက်ဆေးဘေစင်လုပ်တဲ့ လုပ်ငန်းတွေလည်း တိုးချဲ့ဆောင်ရွက်နေပါပြီ။ ခြေထောက်နဲ့ နင်းရတဲ့ လက်ဆေးဘေစင်တွေကိုလည်း လုပ်ငန်းတိုးချဲ့ လုပ်ကိုင်နေပါတယ်။

ကျွန်တော်တို့လုပ်ငန်းမှာ ဝန်ထမ်းအင်အား ၁၅ ဦးရှိပါတယ်။ ကျွန်တော်တို့လုပ်ငန်းက ကားတွေကို ရေဆေး၊ ဆီလိုက်လုပ်တာရယ်၊ စက်ပြင်တာရယ်ပါ။ ကိုဗစ်ကြောင့် စီးပွားရေးက အားလုံးထိခိုက်တဲ့အတွက် ပုံမှန်ရေလာဆေးတဲ့သူတွေလည်း ရေလာမဆေးနိုင်ကြတော့ဘူး။ လာတဲ့သူတွေလည်း နည်းလာတယ်။ တစ်ရက်ကို ဆန်ဖိုး၊ ဟင်းဖိုးလောက်ပဲ ရတဲ့နေ့တွေ ရှိပါတယ်။ အခုလို အခက်အခဲဖြစ်နေချိန်မှာ ချေးငွေချပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းအောင်ကျော်ထွန်း(Bun Bun Bakery မုန့်တိုက်ပိုင်ရှင်၊ တောင်ကြီးမြို့)**

ကျွန်တော့်မုန့်တိုက်မှာ ကိုဗစ်-၁၉ ရောဂါ မဖြစ်ခင်က အလုပ်သမား ၁၄ ယောက်လောက်နဲ့ လည်ပတ်ခဲ့တယ်။ အခုက ခြောက်ယောက်နဲ့ လည်ပတ်နေတယ်။ အခုဆိုရင် ဆိုင်တွေက ပိတ်ထားတဲ့အတွက် မုန့်မပို့ရဘူး။ ရောင်းအားကလည်း သုံးပုံနှစ်ပုံလောက် ကျသွားတယ်။ အစိုးရက ချေးငွေထုတ်ပေးတဲ့အတွက် လူဟောင်းတွေကို ပြန်ခေါ်မယ်။ သူတို့ရဲ့ စားဝတ်နေရေးတွေကိုလည်း ဖြေရှင်းပေးဖို့ရှိပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်တော့ ကုန်ကြမ်းပြတ်လပ်တာ၊ ဆိုင်တွေပိတ်ထားတာတွေကြောင့် လုပ်ငန်းအခက်အခဲဖြစ်ခဲ့တယ်။ အခုချေးငွေက လုပ်ငန်းကို တော်တော်ကူညီနိုင်မှာ ဖြစ်ပါတယ်။

**ကိုကျော်ဇေယျ (Golden sky စားသောက်ဆိုင်ပိုင်ရှင်၊ ပဲခူးမြို့)**

ကျွန်တော့်ဆိုင်နှစ်ဆိုင်ရှိတဲ့အနက် ကိုဗစ်-၁၉ကာလအတွင်းမှာဆိုရင် ဆိုင်သေးကတော့ ပါဆယ်စနစ်နဲ့ရောင်းနေပါတယ်။ ဆိုင်ကြီးကတော့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်တွေနဲ့ ချိတ်ဆက်ထားတဲ့ဆိုင်ဖြစ်တဲ့အတွက် ကိုဗစ်-၁၉ ကာလအတွင်းမှာ အတော်အထိနာပါတယ်။ ဒီရောဂါကြီးကြောင့် ခရီးသွားလာမှု မရှိတော့ ဝန်ထမ်းတွေကို သင့်တင့်တဲ့လစာ ပေးပြီးတော့ ဆိုင်ကြီးကိုတော့ လုံးဝပိတ်ထားရပါတယ်။ ဆိုင်သေးကိုတော့ ကျန်တဲ့ဝန်ထမ်းတွေနဲ့ ပါဆယ်စနစ်ရောင်းပြီး ကိုဗစ်-၁၉ ကာလကို ခဏမေ့ပြီး လုပ်ကိုင်နေပါတယ်။

ဆိုင်နှစ်ဆိုင်ပေါင်းရင် ဝန်ထမ်း ၇၀ လောက် ရှိပါတယ်။ ဒီလ ၁၅ ရက်မှာ ဆိုင်တွေ ပြန်ဖွင့်ဖို့ဆိုပြီး ဝန်ထမ်းတွေကို ပြန်ခေါ်ထားပါတယ်။ ဆိုင်ကြီးက ခရီးသွားဧည့်သည်တွေကို ဦးစားပေးရောင်းရတာဆိုတော့ လက်ရှိအနေအထားအရ ခရီးသွားတွေ မဝင်သေးတော့ ဝန်ထမ်းတွေကို သုံးချိုးတစ်ချိုးလောက်နဲ့ ဆိုင်ကို ခဏမေ့ပြီး ဖွင့်သွားမှာပါ။ ကျွန်တော့်အတွက်တော့ ချေးငွေက အထောက်အပံ့ကောင်းတစ်ခုပါ။ ဆိုင်ပိတ်ထားတဲ့အချိန်မှာ ဆိုင်ကဝန်ထမ်းတွေအတွက် လုပ်ကိုင်ပေးရတာတွေရှိတယ်။ ပြီးတော့ ဒီချေးငွေရတဲ့အတွက် ဆိုင်ပြန်လည်ပတ်ဖို့လည်း အဆင်ပြေသွားပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလမျိုးမှာ ကျွန်တော်တို့လို အသေးစား၊ အလတ်စားလုပ်ငန်းတွေ ဒုက္ခကြုံတွေ့နေတဲ့အချိန်မှာ အခုလို နိုင်ငံတော်က တစ်ဖက်တစ်လမ်းကနေ ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာ ရှိပါတယ်။ ကျွန်တော်တို့ အနေအထားကတော့ ပြန်ပြီးလည်ပတ်နိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ တချို့ကတော့ ကိုယ့်ထက်ဆိုးတဲ့ လူတွေလည်း ရှိကောင်းရှိမှာပါ။ ကျွန်တော်တို့ အခုလို အနေအထားမျိုးမှာ ထောက်ပံ့ပေးလိုက်တာ တော်တော်လေးကို အသက်ရှူချောင်သွားပါတယ်။ ဒါကြောင့်အစိုးရကို ကျေးဇူးတင်ပါတယ်။

**ကိုအောင်နိုင်ထွန်း (HOTEL GLORY ပိုင်ရှင်၊ ဘားအံမြို့)**

ကျွန်တော်တို့ဟိုတယ်ကို မတ်လလောက်ကစပြီး ဧည့်သည်တွေက မလာတော့ဘူး၊ ဧည့်သည်တွေက မလာတော့ အဲဒီလမှာဝန်ထမ်းလစာတွေအတွက် အရှုံးပေါ်တယ်။ ဧပြီလမှာတော့ ဝန်ထမ်းမိသားစုတွေလည်း အဆင်ပြေအောင် တစ်ဝက်ကိုတော့ အလှည့်ကျ အလုပ်ဆင်းခိုင်းပါတယ်။ ကိုဗစ်-၁၉ ကာလအတွင်းမှာ အခက်အခဲကတော့ ဝန်ထမ်းလစာ၊ ဟိုတယ်ပြန်ပြီးလည်ပတ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ပိတ်ထားတာလည်း ကြာပြီဆိုတော့ ပြင်ဆင်ရမယ့်အပိုင်းတွေအတွက် ပြင်ဆင်စရိတ်တွေကုန်မယ်။ အခုချေးငွေလေးရမယ်ဆိုတော့ အတော်အဆင်ပြေသွားမယ်။ ဝန်ထမ်းတွေကိုလည်း ပြန်ဆင်းခိုင်းမယ်။ မီတာခကိုလည်း သုံးလစာလောက်မသွင်းရသေးတော့ သွားသွင်းရမယ်။ ဟိုတယ်မှာ လုပ်စရာရှိတာတွေလုပ်ပြီးရင် ပြန်လည်ပတ်မှာပါ။ အခုချေးငွေကိုလည်း နိုင်ငံတော်ကို သတ်မှတ်ထားတဲ့အတိုင်း တစ်နှစ်အတွင်း ပြန်ဆပ်မှာပါ။ အခုလို အခက်အခဲဖြစ်နေတဲ့အချိန်မှာ ကူညီတဲ့အတွက် နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ကိုဇော်ဝင်း( မန်နေဂျင်းဒါရိုက်တာ၊ Royal Dream Travel & Tours Co.,Ltd.)**

ကျွန်တော်တို့ လုပ်ငန်းက ရခိုင်အခြေစိုက်လုပ်ကိုင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရခိုင်မှာက အများစုက လေယာဉ်နဲ့သွားရတာ များပါတယ်။ ကျွန်တော်တို့ ရခိုင်မှာ တိုက်ပွဲရယ်၊ ကိုဗစ်ရယ်ကြောင့် လေယာဉ်လက်မှတ်တွေက မရောင်းရသလောက်ပါပဲ။ ဝန်ထမ်းတွေလည်း လျှော့သင့်သလောက်လျှော့ရပါတယ်။ ချေးငွေရမယ်ဆိုတော့ ဝန်ထမ်းတွေလည်း ပြန်ခေါ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်မှတ်ရောင်းတဲ့အခါမှာ အကြွေးနဲ့ရောင်းရတာရှိတယ်။ အကြွေးနဲ့ရောင်းတယ်ဆိုပေမယ့် ကာလတစ်ခုထားပေးနိုင်ရင် သူတို့ဆီက ပြန်တောင်းလို့ရပါတယ်။ ဒီကာလမှာ ခရီးသွားဝန်ဆောင်မှုမဟုတ်ဘဲနဲ့ ခရီးသွားဖို့အတွက် လက်မှတ်ရောင်းတဲ့လုပ်ငန်းကိုပဲ ပိုလုပ်ဖြစ်ပါတယ်။ ဝန်ထမ်းအနေနဲ့ ခြောက်ယောက်ရှိပါတယ်။ ဒီကာလမှာ အကြွေးရောင်းချထားတဲ့ လက်မှတ်ဖိုးတွေလည်း ပြန်တောင်းဖို့ခက်ပါတယ်။ အခုလက်ရှိမှာ လုပ်ငန်းက ရှေ့တိုးမရ၊ နောက်ဆုတ်မရ ဖြစ်နေတာဆိုတော့ ချေးငွေရမယ့်အတွက် လုပ်ငန်းကို ကောင်းကောင်းမွန်မွန် ပြန်လည်ပတ်လို့ရတာပေါ့။

အခုအချိန် ရခိုင်မှာတော့ ခရီးသွားလုပ်ငန်းက ၉၀ ရာခိုင်နှုန်းလောက် ကျသွားပါတယ်။ မတ်လ အလယ်လောက်အထိ တက်လာသေးတယ်။ ဧပြီနဲ့ မေ နှစ်လလုံး ခရီးသွားကျလာပြီဆိုတော့ ရပ်ထားရမယ့် အနေအထားဖြစ်ပါတယ်။ Tour ကုမ္ပဏီတွေအနေနဲ့ ရပ်တည်တာက ခရီးသွားတွေကို စီစဉ်ပေးတဲ့အပိုင်းရယ်၊ လေယာဉ်လက်မှတ် အပိုင်းရယ် ဖြစ်ပါတယ်။ ဇူလိုင်လလောက် ဆိုရင်တော့ လက်မှတ်ရောင်းတဲ့အပိုင်းက တက်လာနိုင်ပါတယ်။ Tour တွေအနေနဲ့ ခရီးသွားဖို့က အောက်တိုဘာလ သီတင်းကျွတ်နောက်ပိုင်း ရောက်ရင်တော့ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ ဒီလိုခက်ခဲနေတဲ့ ကာလမှာ အခုလိုဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ငွေကြေးခက်ခဲမှုရှိတယ် ဆိုတာကလည်း အောက်ခြေမှာ တကယ်ဖြစ်ပျက်နေတာပါ။ ကျွန်တော်တို့လို အခက်အခဲရှိတဲ့သူတွေကို အများကြီးရှိနိုင်ပါတယ်။ စိစစ်ဆောင်ရွက်ပေးပါလို့လည်း တိုက်တွန်းချင်ပါတယ်။

Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအနေဖြင့် COVID-19 Fund မှ ကုမ္ပဏီ၊ လုပ်ငန်းများကို ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုခဲ့ရာ ပထမအကြိမ် ၈၅ ခု၊ ဒုတိယအကြိမ်တွင် ၁၁၃ ခု၊ တတိယအကြိမ် ၁၁၁ ခု၊ စတုတ္ထအကြိမ် ၄၁၇ ခုနှင့် ယခု ပဉ္စမအကြိမ် ၂၉၀ တို့ကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

## ကောလင်းမြို့နယ်၌ နှာခေါင်းစည်း အခု ၂၈၀၀ ကျော် အခမဲ့ဖြန့်ဝေ

ကောလင်း ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ယမန်နေ့ နံနက် ၈ နာရီခွဲက နှာခေါင်းစည်း အခု ၂၈၀၀ ကျော် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်လူငယ်ရေးရာတာဝန်ခံတို့ ပူးပေါင်း၍ လူအများသွားလာရာနေရာများနှင့် မြို့အားကစားကွင်း (ယာယီဈေး)၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇွန် ၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မုတ်သုံလေ အားနည်းနေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# ဂျကာတာမြို့၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်မှုစည်းမျဉ်းစည်းကမ်းတချို့ ဖြေလျှော့

**ဂျကာတာ ဇွန် ၄**

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော် ဂျကာတာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် သီတင်းပတ်များကြာ အသွားအလာကန့်သတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတချို့ကို စတင် ဖြေလျှော့နေပြီဖြစ်ကြောင်း ဂျကာတာအစိုးရက ယနေ့ကြေညာသည်။

သို့သော် မြို့ပေါ်၌ ကန့်သတ်မှုတချို့ထားရှိခြင်းဖြင့် အများပြည်သူအတွက် ကောင်းမွန်ပြီး လုံခြုံကာ အကျိုးဖြစ်ထွန်းသော အခြေအနေတစ်ရပ်သို့ ဦးတည်လိမ့်မည်ဟု မျှော်လင့်ထားသည့်အတွက် အချို့ကန့်သတ်မှုကို ယခုလတွင်ဆက်လက်ထားရှိနေမည်ဟု ဂျကာတာမြို့တော်ဝန် အာနစ်ဘာဆွီဒင်က ယနေ့ ကြေညာသည်။

ဂျကာတာမြို့၌ ရောဂါကူးစက်မှု အရှိန်မြင့်မားလာခဲ့ပြီးနောက် အသွားအလာကန့်သတ်မှုကို ရေရှည်ချမှတ်ထားရန် ဆုံးဖြတ်ထားပြီး ဤလကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသွင်ကူးပြောင်းရေး ကာလတစ်ခုအဖြစ် မိမိတို့အနေဖြင့် ကန့်သတ်မှုတချို့ကို ဖြေလျှော့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အသွားအလာ ကန့်သတ်မှုတချို့ ဖြေလျှော့ရေးအစီအစဉ်အရ ဇွန် ၅ ရက်မှစ၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် မူလအတိုင်း လုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်မည်ဖြစ်ပြီး ဘာသာရေးအဆောက်အအုံများကိုလည်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သို့သော် ကုန်တိုက်ကြီးများကိုမူ ဇွန်လကုန်ပိုင်းမှစ၍ ပြန်ဖွင့်မည်ဖြစ်ကြောင်း မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများအပြား ပြန်လည်ဖြစ်ပွားပါက အရေးပေါ်အခြေအနေကို ပြန်လည် ချမှတ်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဗဟိုဌာနဖြစ်ပြီး လူဦးရေ ၁၁ သန်းခန့်နေထိုင်သည့် ဂျကာတာမြို့တွင် မတ် ၃ ရက်က ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီး ယခုအခါ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့် မြို့တစ်မြို့ ဖြစ်လာခဲ့သည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**




# ကိုဗစ်-၁၉ ရောဂါဘေးသင့် စီးပွားရေးလုပ်ငန်းများအတွက် ယူရို ဘီလီယံ ၁၃၀ တန်ကြေးရှိအစီအစဉ် ဂျာမနီ ကြေညာ



ဂျာမနီ
ဝန်ကြီးချုပ်
အိန်ဂျလာ
မာကယ်လ်

**ဘာလင် ဇွန် ၄**

ကိုဗစ်-၁၉ ကပ်ရောဂါ၏ စီးပွားရေး အကျိုးသက်ရောက်များ လျော့ပါးစေမည့် ယူရို ၁၃၀ ဘီလီယံတန်ကြေးရှိ စီးပွားရေးအကူအညီပေးရေး အစီအစဉ်တစ်ခုကို ဂျာမနီနိုင်ငံက သဘောတူခဲ့ကြောင်း ဝန်ကြီးချုပ် အိန်ဂျလာ မာကယ်လ်က ပြောသည်။

"ဒီအစီအစဉ်အတွက် သုံးစွဲမည့် ငွေကြေးပမာဏဟာ ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ယူရို ဘီလီယံ ၁၃၀ ရှိလာမှာဖြစ်ပြီး ယူရို ဘီလီယံ ၁၂၀ ကို ဗဟိုအစိုးရက သုံးစွဲမှာဖြစ်ပါတယ်" ဟု ကိုရိုနာဗိုင်းရပ်စ် ကပ်ဘေးသင့် တိုင်းပြည်စီးပွားရေး မြှင့်တင်မည့် အစီအမံများဆိုင်ရာ ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးအပြီး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ မာကယ်လ်က ပြောကြားသည်။ "ကျွန်မတို့မှာ အနာဂတ်အတွက် စီးပွားရေးအကူအညီပေးရေး အစီအစဉ်တစ်ရပ်ရှိပါတယ်။ ကျွန်မတို့ အခု ဥရောပ၊ နိုင်ငံတကာအတိုင်းအတာ တာဝန်ဝတ္တရားကို ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ဘက်စုံပါဝင်သော အဆိုပါအစီအစဉ်တွင် ရုန်းကန်နေရသော လုပ်ငန်းများသို့ ငွေကြေးဘီလီယံချီ ထောက်ပံ့မည့် အစီအမံများအပြင် အလုပ်လက်မဲ့မှု၊ ဆုံးရှုံးခဲ့ရသော အခွန်အခပြဿနာ ကိုင်တွယ်ဖြေရှင်းမည့် ထပ်တိုးရန်ပုံငွေအပြင် ကလေးငယ်တစ်ဦးလျှင် ဆုကြေး ယူရို ၃၀၀ ထောက်ပံ့ရေးလည်း ပါဝင်သည်။ တန်ဖိုးမြင့်စည်းကြပ်ခွန်ကို ၁၉ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ ဇွန် ၁ ရက်မှစ၍ ခြောက်လကြာ လျှော့ချပေးမည်ဟု မာကယ်လ်က ပြောသည်။ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အဆိုပါအခွန်ကို အလားတူကာလအတွင်း ခုနစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းသို့ လျှော့ချပေးမည်ဖြစ်သည်။

စီးပွားရေး အကူအညီပေးရေးအစီအစဉ် အတည်ပြုရန် ထပ်တိုးဘတ်ဂျက်တစ်ခု လိုအပ်မည်ဟု ဘဏ္ဍာရေးဝန်ကြီး အိုလက်ဖ်ရှိုးဇ်က ပြောသည်။ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါထိခိုက်မှု လျော့ပါးစေရန် မတ်လနှောင်းပိုင်းအတွင်း ဂျာမနီအစိုးရက ယူရို ဘီလီယံ ၇၅၀ ပမာဏရှိ ကယ်ဆယ်ရေးအစီအစဉ်ကို သဘောတူခဲ့သေးသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ကျော်ထိုက်စိုး**

# အာတိတ်စက်ဝိုင်းသို့ ဒီဇယ်ဆီယိုဖိတ်မှုရှိခဲ့ခြင်းကြောင့် ရုရှားသမ္မတပူတင် အရေးပေါ်အခြေအနေကြေညာ

**မော်စကို ဇွန် ၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အာတိတ်စက်ဝိုင်းအတွင်းရှိ မြစ်တစ်ခုအတွင်းသို့ ဒီဇယ်ဆီတန် ၂၀၀၀၀ ယိုဖိတ်မှုရှိခဲ့ခြင်းကြောင့် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီဇယ်ဆီယိုဖိတ်မှုသည် ပြီးခဲ့သည့် သောကြာနေ့က ဆိုက်ဘေးရီးယားဒေသ နိုရီလ်စ်မြို့အနီးရှိ စွမ်းအင်စက်ရုံတစ်ခု၌ လောင်စာဆီသိုလှောင်ကန် ယိုဖိတ်မှုဖြစ်ပွားပြီးနောက် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လောင်စာဆီယိုဖိတ်မှုဖြစ်ပွားပြီး နှစ်ရက်အကြာမှသာ တာဝန်ရှိသူများက သိခဲ့ရခြင်းကြောင့်လည်း ဒေါသထွက်မိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါစွမ်းအင်စက်ရုံကို နိုရီလ်စ်နီကယ်ကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုက ပိုင်ဆိုင်ပြီး ကမ္ဘာ့နီကယ် အဓိကထုတ်လုပ်သည့် ကုမ္ပဏီလည်းဖြစ်သည်။

ဒီဇယ်ဆီယိုဖိတ်မှုနှင့်စပ်လျဉ်း၍ အဆိုပါကုမ္ပဏီမှ အကြီးအကဲ၏ တုံ့ပြန်ဆောင်ရွက်မှုကိုလည်း ပြင်းပြင်းထန် ရှုတ်ချပါကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ယမန်နေ့က ရုပ်သံမှထုတ်လွှင့်သည့် ဗီဒီယိုကွန်ဖရင့် တစ်ခုတွင် ပြောကြားခဲ့သည်။

ဒီဇယ်ဆီယိုဖိတ်မှုကြောင့် စတုရန်းကီလိုမီတာ ၃၅၀ အထိ ညစ်ညမ်းမှုဖြစ်စေခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။ ဒီဇယ်ဆီယိုဖိတ်မှုဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က အမိန့်ချမှတ်ခဲ့ပြီး ယင်းဖြစ်စဉ် ဖြစ်ပွားပြီးနောက် အဆိုပါစွမ်းအင်စက်ရုံမှ မန်နေဂျာတစ်ဦးကိုလည်း ထိန်းသိမ်းထားခဲ့သည်။

ယခုထုတ်ပြန်လိုက်သည့် အရေးပေါ်အခြေအနေသည် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရေး ဒီဇယ်ဆီယိုဖိတ်မှုဖြစ်ပွားခဲ့သည့်ဒေသသို့ တပ်ဖွဲ့ဝင်အများအပြားစေလွှတ်ရန် ရည်ရွယ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဘီဘီစီ**

**ဘာသာပြန် - အလင်းသစ်**



# ကိုရိုနာဗိုင်းရပ်စ် ဒုတိယနှင့် တတိယလှိုင်းများအတွက် ဂျပန်နိုင်ငံ ခရိုင်အုပ်ချုပ်ရေးမှူးများ ဆွေးနွေး

**တိုကျို ဇွန် ၄**

ဂျပန်နိုင်ငံရှိ ခရိုင်များမှ ခရိုင်အုပ်ချုပ်ရေးမှူးများသည် နိုင်ငံအတွင်း ထပ်မံဖြစ်နိုင်သည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဒုတိယလှိုင်းနှင့် တတိယလှိုင်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရန် ယနေ့ ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံရှိ ပြည်သူများမှာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေကြေညာချက်ကို ရုပ်သိမ်းခဲ့သည့် အချိန်မှစတင်ပြီး ကိုရိုနာဗိုင်းရပ်စ်နှင့်အတူ ယှဉ်တွဲနေထိုင်နေရသောအခြေအနေသို့ ရောက်ရှိနေကြောင်း ဂျပန်အမျိုးသားအုပ်ချုပ်ရေးမှူးများအသင်းဥက္ကဋ္ဌ တိုကူရှီမာခရိုင်မှ အီဇူမီက ပြောကြားသည်။

အနာဂတ်တွင်ဖြစ်လာမည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာလှိုင်းများအတွက် သတင်းအချက်အလက်များမျှဝေခြင်းဖြင့် ရောဂါဖြစ်ပွားမှုကိုလျှော့ချရန် ၎င်းက ပြောကြားသည်။

တိုကျိုမြို့တော်ဝန် ကိုကီယူရီကိုက အချိန်ကြာမည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တိုက်ပွဲအတွက် အသင့်ပြင်ဆင်ထားကြရန် တိုက်တွန်းခဲ့သည်။ တိုကျိုလေဆိပ်ရှိ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်သောနေရာတွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိမှုများ မြင့်တက်နေသဖြင့် တိုကျိုမြို့တွင်းရှိနေရာများတွင် ဒေသအလိုက် အသွားအလာကန့်သတ်ထိန်းချုပ်မှုများ ဆောင်ရွက်ရန်ပြောကြားခဲ့သည်။

ခရိုင်၏မြို့တော် ကီတာကျူရှူးတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုများ ပြန်လည်ကျဆင်းသွားကြောင်း ဖူကူအိုကာခရိုင်အုပ်ချုပ်ရေးမှူး အိုဂါဝါဟီရိုရှိက ပြောကြားသည်။ အဆိုပါခရိုင်တွင် ရောဂါထိန်းချုပ်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကီတာကျူရှူးမြို့ပြင်သို့ ရောဂါပျံ့နှံ့သွားခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ စမ်းသပ်စစ်ဆေးမှုများကို ဆေးရုံများတွင် လျင်မြန်စွာဆောင်ရွက်ပြီး သက်ကြီးရွယ်အိုများအတွက် စောင့်ရှောက်ရန်နေရာများရှိရန် အရေးကြီးကြောင်း ဟော့ကိုင်းဒိုးခရိုင်အုပ်ချုပ်ရေးမှူး ဆူဇူကီးနာအိုမီချီက ပြောကြားခဲ့သည်။

မီယာဇာကီခရိုင်အုပ်ချုပ်ရေးမှူး ကိုနိုရှန်ကျီက ဒေသအတွင်းဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများထိခိုက်ခဲ့သောကြောင့် ဗဟိုအစိုးရအား ပြည်တွင်းခရီးသွားလုပ်ငန်းကို ရှင်သန်စေရန်ဆောင်ရွက်စေချင်ကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ခရိုင်အုပ်ချုပ်ရေးမှူးများက ဆွေးနွေးပွဲတွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် သဘောတူခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**




# ရောဂါကူးစက်မှုမြင့်တက်နေသည့် ဗဟိုအမေရိကနှင့် တောင်အမေရိကတို့အတွက် အလွန်အမင်းစိုးရိမ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ပြောကြား

**ဂျီနီဗာ ဇွန် ၄**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်နေသည့် ဗဟိုအမေရိကနှင့် တောင်အမေရိကတို့အတွက် အလွန်အမင်းစိုးရိမ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဂီဘရီယီးဆပ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကနိုင်ငံများသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု အများအပြားဆက်လက်ဖြစ်ပွားနေခြင်းနှင့်အတူ ပြီးခဲ့သည့် ငါးရက်တာကာလအတွင်း တစ်ရက်လျှင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်သိန်းကျော်ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

**အထောက်အပံ့များပေးအပ်**

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို စောင့်ကြည့်ရန် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးများမှတစ်ဆင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကပ်ရောဂါတုံ့ပြန်ရေးအတွက် နိုင်ငံအများအပြားအား အထောက်အပံ့များပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ၆၆၀၉၇၄၆ ဦးရှိခဲ့ကြောင်းနှင့် သေဆုံးသူအရေအတွက်သည်လည်း ၃၈၈၆၁၆ ဦးရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုတွင် ကမ္ဘာပေါ်၌ အများဆုံးနိုင်ငံအဖြစ် ဆက်ရှိနေပြီး ကူးစက်ဖြစ်ပွားသူအရေအတွက် ၁၉၀၄၉၇၆ နှင့် သေဆုံးသူ ၁၀၉၂၀၄ ဦးရှိကြောင်းနှင့် ဘရာဇီးနိုင်ငံသည် လက်ရှိအချိန်တွင် ကူးစက်ခံရသူအရေအတွက် ၅၈၇၀၁၇ ဦးနှင့် သေဆုံးသူ ၃၂၆၀၂ ဦးဖြင့် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုတွင် ဒုတိယနေရာတွင် ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံတောင်ပိုင်း၌ ဓားဖြင့် တိုက်ခိုက်မှုကြောင့် လူ ၄၀ ဒဏ်ရာရ

**ပေကျင်း ဇွန် ၄**

ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ်၌ စာသင်ကျောင်းလုံခြုံရေးတစ်ဦးက ဓားဖြင့် တိုက်ခိုက်မှုကြောင့် လူ ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုအတွင်း ကျောင်းသား ကျောင်းသူ ၃၇ ဦးနှင့် အရွယ်ရောက်သူသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအစိုးရက ပြောကြားသည်။ စာသင်ကျောင်း၌ ဓားဖြင့်တိုက်ခိုက်သူမှာ မိသားစုအမည် လီဟုဆိုသော ကျောင်းလုံခြုံရေးအစောင့်တစ်ဦးဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့သည်။ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေစဉ် တိုက်ခိုက်မှုကျူးလွန်သူဟု သံသယရှိသူကို ထိန်းသိမ်းခဲ့ကြောင်း အဆိုပါမီဒီယာများက ဖော်ပြခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံအနောက်ပိုင်း ချုံကျင်းမြို့တော်၌ ဓားတစ်လက်ကိုင်ဆောင်ထားသည့် အမျိုးသမီးတစ်ဦးက မူကြိုကျောင်းတစ်ကျောင်း၌ တိုက်ခိုက်ခဲ့ရာ ကလေးငယ် ၁၄ ဦးဒဏ်ရာရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ကလည်း စာသင်ကျောင်းတိုက်ခိုက်မှုများအတွင်း ကလေးငယ် ၂၀ နီးပါးဒဏ်ရာရရှိခဲ့ရာ အစိုးရထိပ်တန်းတာဝန်ရှိသူများက စာသင်ကျောင်းများကို ဂိတ်များ၊ လုံခြုံရေးအစောင့်များ ပိုမိုထားရှိရန် တိုက်တွန်းခဲ့ကြသည်။

တရုတ်နိုင်ငံဥပဒေအရ သေနတ်များရောင်းချမှုနှင့် ပိုင်ဆိုင်မှုကို တင်းကျပ်စွာ ကန့်သတ်ထားသော်လည်း တိုက်ခိုက်မှုများကို ယေဘုယျအားဖြင့် ဓားများ၊ လက်လုပ်ဗုံးများဖြင့် လုပ်ဆောင်ကြသည်။

**ကိုးကား-တီအာတီဝေါ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# မလေးရှားဝန်ကြီးချုပ် မူယက်ဒင်ယာဆင် လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ပြီ

**ကွာလာလမ်ပူ ဇွန် ၄**

မလေးရှားဝန်ကြီးချုပ် မူယက်ဒင်ယာဆင်သည် နေအိမ်၌ နှစ်ပတ်ကြာသီးသန့်ခွဲနေခဲ့ပြီးနောက် လုပ်ငန်းတာဝန်များ ယနေ့ပြန်လည်ထမ်းဆောင်ပြီဖြစ်ကြောင်း သိရသည်။

**ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ**

မူယက်ဒင်က အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးတက်ရောက်သည့် အပတ်စဉ် ဝန်ကြီးအဖွဲ့အစည်းအဝေးကို သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုသီတင်းပတ် အစည်းအဝေးကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဝန်ကြီးချုပ်ရုံးရှိ သီးခြားအခန်းနှစ်ခန်း၌ ထိုင်စေ၍ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပခဲ့သည်။ ခပ်ခွာခွာနေမှုဝါဒနှင့် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရှိစေရန် အစိုးရအဖွဲ့အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

**လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ခွင့်ပြု**

မေ ၂၀ ရက်တွင်ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေး တက်ရောက်ခဲ့သည့် အရာရှိတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိပြီးနောက် ဝန်ကြီးချုပ် မူယက်ဒင်ကို ၁၄ ရက်ကြာ နေအိမ်၌ သီးသန့်ခွဲနေထိုင်စေခဲ့သည်။ သို့သော်လည်း မူယက်ဒင်က နေအိမ်၌ သီးသန့်ခွဲနေထိုင်သည့် ကာလအတွင်း တရားဝင် တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ မူယက်ဒင်နှင့် အစည်းအဝေးတက်ရောက်ခဲ့သည့် အခြားသူများမှာ ၁၄ ရက်ကြာ သီးသန့်ခွဲနေပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ပိုး မတွေ့ရှိခြင်းကြောင့် လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ခွင့်ပြုခဲ့ကြောင်း ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် နူဟီရှမ်အဗ္ဗဒူလာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

မူယက်ဒင်သည် မတ်လအစောပိုင်းက ကိုဗစ်-၁၉ လူနာတစ်ဦးနှင့် ထိတွေ့ခဲ့သည့် အသစ်ဖွဲ့စည်းလိုက်သော ညွှန့်ပေါင်းအဖွဲ့ ပါရီကာတန်နေရှင်နယ် အဖွဲ့ဝင်တစ်ဦးနှင့် အနီးကပ်ထိတွေ့ခဲ့ဖူးသေးသည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အသက်ရှူအထောက်အကူပြုကိရိယာ ၁၅၀ ခန့်တင်ဆောင်သော အမေရိကန်လေယာဉ် ရုရှားသို့ ဆိုက်ရောက်

**မော်စကို ဇွန် ၄**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာများအတွက် လှူဒါန်းထားသော အသက်ရှူအထောက်အကူပြုကိရိယာ ၁၅၀ ခန့်တင်ဆောင်သည့် အမေရိကန်စစ်ဘက် လေယာဉ်တစ်စင်းသည် ရုရှားနိုင်ငံ မော်စကိုလေဆိပ်သို့ ယနေ့ဆိုက်ရောက်လာခဲ့ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ပြောကြားသည်။

**ထပ်မံလှူဒါန်း**

အမေရိကန် ပြည်ထောင်စုသည် ပြီးခဲ့သည့်သီတင်းပတ်သုံးပတ်ခန့်က ရုရှားနိုင်ငံသို့ အလားတူအသက်ရှူအထောက်အကူပြု ကိရိယာများကို ပထမတစ်ကြိမ်လှူဒါန်းခဲ့ပြီး ယခုတစ်ခါ ဒုတိယအကြိမ်အဖြစ် ထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဆူလ်လီဗန်နှင့် မော်စကိုဆေးရုံမှကိုယ်စားလှယ်တစ်ဦးတို့သည် အသက်ရှူ အထောက်အကူပြုကိရိယာများ တင်ဆောင်လာသည့် အဆိုပါ လေယာဉ်မှ တာဝန်ရှိသူများကို မော်စကိုမြို့ရှိ ဗနူကိုဗိုလေဆိပ်သို့ သွားရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

**အရည်အသွေးအကောင်းဆုံးဖြစ်**

ရုရှားပြည်သူများအတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ သန်းခန့်ရှိသော အဆိုပါ အသက်ရှူအထောက်အကူပြု ကိရိယာများကို အမေရိကန်ပြည်ထောင်စုက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလှူဒါန်းထားသော အသက်ရှူအထောက်အကူပြုကိရိယာများသည် ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံးဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ပြောရေးဆိုခွင့်ရှိသူ ရေဘက္ကာရော့စ်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုဆိုင်ရာ ရုရှားသံအမတ်ကြီး အနာတိုလီအန်တိုနော့ဗ်ကလည်း အမေရိကန်ပြည်ထောင်စုက ရုရှားပြည်သူများအတွက် လှူဒါန်းထားသော အသက်ရှူအထောက်အကူပြုကိရိယာများသည် တန်ဖိုးအလွန်များကြောင်း ရုရှားရုပ်သံလွှင့်ဌာနတစ်ခုသို့ ပြောကြားသည်။

**တတိယအများဆုံးနိုင်ငံဖြစ်လာ**

ပြီးခဲ့သည့် မေ ၉ ရက်နှင့် ၁၂ ရက်တွင် စိန့်ပီတာစဘတ်မြို့နှင့် မော်စကိုမြို့ရှိ ဆေးရုံနှစ်ရုံ၌ အသက်ရှူအထောက်အကူပြုကိရိယာချွတ်ယွင်းမှုကြောင့် ဖြစ်ဖွယ်ရှိသည်ဟု သံသယရှိသည့် မီးလောင်မှုဖြစ်ပွားခဲ့ရာ စိန့်ပီတာစဘတ် ဆေးရုံတွင် လူနာငါးဦးနှင့် မော်စကိုဆေးရုံတွင် လူနာတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံပြီးနောက် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု တတိယအများဆုံးနိုင်ငံဖြစ်လာပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၁၁၀၈ ရှိကာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၃၈၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**



# ဆက်ဆံရေးတိုးမြှင့်ရန် အိန္ဒိယနှင့် ဩစတြေးလျဝန်ကြီးချုပ်တို့ အွန်လိုင်းမှတစ်ဆင့် ထိပ်သီးအစည်းအဝေးပြုလုပ်

**နယူးဒေလီ ဇွန် ၄**

အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီနှင့် ဩစတြေးလျဝန်ကြီးချုပ် စကော့ဒ်မော်ရီဆန်တို့သည် ကျန်းမာရေး၊ ကုန်သွယ်ရေးနှင့် ကာကွယ်ရေးစသည့် နယ်ပယ်များ၌ ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်၍ ထိပ်သီးအစည်းအဝေးတစ်ရပ်ကို အွန်လိုင်းပေါ်မှတစ်ဆင့် ယနေ့ပြုလုပ်ခဲ့ကြောင်း အိန္ဒိယပိုင် ပီတီအိုင်သတင်းဌာနက ဖော်ပြထားသည်။

လက်ရှိအချိန်သည် အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့အကြား ဆက်ဆံရေးတိုးမြှင့်ရန် အကောင်းဆုံးအချိန်ဖြစ်သလို အကောင်းဆုံးအခွင့်အရေးလည်းဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီက အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

"နှစ်နိုင်ငံဆက်ဆံရေး ပို၍ခိုင်မာတောင့်တင်းဖို့အတွက် ကျွန်တော်တို့မှာ ကြီးမားတဲ့ဖြစ်နိုင်ခြေ အလားလာတွေရှိပါတယ်။ ကျွန်တော်တို့ရဲ့ဆက်ဆံရေးက ကျွန်တော်တို့ရဲ့ဒေသနဲ့ ကမ္ဘာကြီးအတွက် တည်ငြိမ်မှုကို မည်သို့မည်ပုံဆောင်ကြဉ်းပေးနိုင်မလဲဆိုတဲ့အချက်နဲ့ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့အနေနဲ့ အတူတကွ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့ အချက်တွေဟာ ကျွန်တော်တို့အနေနဲ့ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေဖြစ်ပါတယ်"ဟု မိုဒီက ဆိုသည်။



အိန္ဒိယနိုင်ငံသည် ဩစတြေးလျနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ကတိကဝတ်ပြုထားကြောင်း၊ ဩစတြေးလျနှင့်ဆက်ဆံရေးတိုးမြှင့်ရေးသည် နှစ်နိုင်ငံအတွက်သာမက အင်ဒိုပစိဖိတ်ဒေသနှင့် ကမ္ဘာကြီးတစ်ခုလုံးအတွက်ပါ အရေးကြီးကြောင်း မိုဒီက ထပ်မံပြောကြားသည်။

မိမိတို့၏ ပြည့်ဝစုံလင်သော မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု၏ အခန်းကဏ္ဍသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေစဉ်အတွင်း ကမ္ဘာတစ်ဝန်းလုံးအတွက် ပို၍အရေးပါလာမည်ဖြစ်ကြောင်း၊ ယင်းကပ်ရောဂါ၏ စီးပွားရေးနှင့် လူမှုရေးဘေးထွက်ဆိုးကျိုးများမှ လွတ်မြောက်နိုင်ရန်အတွက် ကမ္ဘာကြီးသည် ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်သော ချဉ်းကပ်နည်းကို လိုအပ်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယနေ့ ပြုလုပ်သော အွန်လိုင်းအစည်းအဝေးသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ မိုဒီအနေဖြင့် နိုင်ငံရပ်ခြား ခေါင်းဆောင်များနှင့် ပထမအကြိမ်မြောက်ဆွေးနွေးမှုပင်ဖြစ်သည်။ အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ၂၀၀၉ ခုနှစ်မှစ၍ မဟာဗျူဟာဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ခဲ့ပြီး ထိုအချိန်ကတည်းက အဓိကကျသော နယ်ပယ်အများအပြားတွင် ဆက်ဆံရေးတိုးမြှင့်ခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် အိန္ဒိယနိုင်ငံကို အိန္ဒိယသမုဒ္ဒရာနိုင်ငံများအကြား ပြိုင်ဘက်ကင်းသော ရေတပ်အင်အားပိုင်ဆိုင်သည့်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံ၏ ရှေ့တန်းအဆင့် မိတ်ဖက်နိုင်ငံအဖြစ် ၂၀၁၇ ခုနှစ်က အသိအမှတ်ပြုလိုက်သည်။ ထို့အတူ ၂၀၁၈ - ၂၀၁၉ ခုနှစ်အကြား အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံ ခန့် ရှိကြောင်း သိရသည်။

**ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံ၌ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲပျံသန်းခွင့်ပြုမည်

**ပေကျင်း ဇွန် ၄**

တရုတ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ လျော့ကျသွားပြီဖြစ်သည့်အတွက် နိုင်ငံတကာလေကြောင်းလိုင်းများ နိုင်ငံအတွင်းသို့ ပြန်လည်ပျံသန်းပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း တရုတ်လေကြောင်းအာဏာပိုင်များက ယနေ့ပြောကြားလိုက်သည်။

သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လေကြောင်းလိုင်းတစ်ခုစီအား လေကြောင်းခရီးစဉ်တစ်ခုကို တစ်ပတ်တစ်ကြိမ် ပြေးဆွဲပျံသန်းခွင့်ပြုမည်ဖြစ်သည်။

လေယာဉ်ပေါ်၌ ဗိုင်းရပ်စ်ကူးစက်ခံရသူများကို သုံးပတ်ဆက်တိုက် စစ်ဆေးတွေ့ရှိခြင်းမရှိပါက အဆိုပါလေကြောင်းလိုင်းကို ဇွန် ၈ ရက်မှစပြီး ရက်သတ္တပတ်လျှင် လေကြောင်းခရီးစဉ် နှစ်ကြိမ်ပျံသန်းခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ လေယာဉ်ပေါ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးဦးထက်ပိုပြီး စစ်ဆေးတွေ့ရှိပါက ယင်းလေကြောင်းလိုင်းအား နိုင်ငံအတွင်းသို့ ဆိုက်ရောက်ခွင့် ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း လေကြောင်းအာဏာပိုင်များက ဆိုသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဦးထက်ပိုပြီး တွေ့ရှိသည့်လေကြောင်းလိုင်းကို ရက်သတ္တလေးပတ်ခန့် ယာယီပိတ်ပင်ထားမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ တရုတ်နိုင်ငံအတွင်းသို့ ပိုမိုဝင်ရောက်နိုင်ရန် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို လျှော့ချခြင်းဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**






# ဥရောပခရီးသွားများအား အီတလီနိုင်ငံက ပြည်ဝင်ခွင့် ပြန်လည်ခွင့်ပြု

**ရောမ ဇွန် ၄**

အီတလီနိုင်ငံက ဥရောပခရီးသွားများအတွက် နယ်စပ်ဒေသဝင်ပေါက်များကို ယမန်နေ့က ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

အီတလီနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများကြောင့် သုံးလအကြာက စတင်ချမှတ်ခဲ့သည့် ခရီးသွားလာခွင့် ပိတ်ပင်မှုများကို ယမန်နေ့က စတင်ဖြေလျှော့ပေးခဲ့ပြီဖြစ်သည်။ ထို့ပြင် ဥရောပနိုင်ငံများနှင့် ဗြိတိန်နိုင်ငံတို့မှ ခရီးသွားပြည်သူများကိုလည်း နယ်စပ်ဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံသို့ အလည်အပတ်လာရောက်မည့် ဥရောပနိုင်ငံများမှ ခရီးသွားများအား ပြန်လည်လက်ခံရန် အီတလီနိုင်ငံအနေဖြင့် အဆင်သင့်ဖြစ်လျက်ရှိကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး လူဂီဒီမာရီက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ထို့ပြင် အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး ဥရောပနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများနှင့်လည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး လူဂီဒီမာရီက ဆိုသည်။

နိုင်ငံတကာလေကြောင်းလိုင်းများ စတင်ပျံသန်းမှုမပြုမီ အီတလီနိုင်ငံက ဥရောပနိုင်ငံများမှ ခရီးသွားများအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အလားတူ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့ကလည်း ဇွန် ၁၅ ရက်မှစပြီး နိုင်ငံအတွင်း ခရီးသွားလာခွင့်ပိတ်ပင်မှုများကို စတင်ဖြေလျှော့ပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဥရောပနိုင်ငံများက နွေရာသီအားလပ်ရက်အတွင်း ခရီးသည်အများအပြား လာရောက်လည်ပတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အောက်စဖို့ဒ်တက္ကသိုလ်မှထုတ်လုပ်သည့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို ဘရာဇီးနိုင်ငံက စတင်စမ်းသပ်အသုံးပြုမည်

**ရီယိုဒီဂျနေးရိုး ဇွန် ၄**

အောက်စဖို့ဒ်တက္ကသိုလ်မှထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဘရာဇီးနိုင်ငံက စတင်စမ်းသပ်အသုံးပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါဆေးဝါးသည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် ဦးဆောင်လမ်းပြဆေးဝါးတစ်မျိုးဖြစ်ကြောင်းနှင့် ဘရာဇီးနိုင်ငံသည် ၎င်းဆေးဝါး၏ အသုံးဝင်မှုဆိုင်ရာစမ်းသပ်မှုကို အင်္ဂလန်နိုင်ငံ၏ပြင်ပတွင် ပထမဆုံးစမ်းသပ်မည့် နိုင်ငံတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း အမျိုးသားကျန်းမာရေးစောင့်ကြည့်ရေးအေဂျင်စီက ပြောကြားသည်။

ယခုဆေးဝါးကို စမ်းသပ်အသုံးပြုရာတွင် ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက အထောက်အကူပေးသွားမည်ဖြစ်သည်။ ယခုဆေးဝါးစမ်းသပ်ရာတွင် ယခင်က ကိုရိုနာဗိုင်းရပ်စ်တစ်ကြိမ်မျှ ကူးစက်ခြင်းခံထားရခြင်းမရှိသူများနှင့် စမ်းသပ်သွားမည်ဖြစ်ပြီး ယင်းဆေးဝါးစမ်းသပ်မှုကို ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သုတေသနဆိုင်ရာအဖွဲ့အစည်းများမှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုဆေးဝါးကို အင်္ဂလန်၌ မျောက်များကို စမ်းသပ်ကုသရာတွင် ထိရောက်မှုရှိပြီး လူပေါင်း ၁၀၀၀၀ ခန့်ကိုလည်း စမ်းသပ်ကုသလျက်ရှိသည်။ ယင်းဆေးဝါး စမ်းသပ်ကုသမှုကို ကမ္ဘာပေါ်၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ဒုတိယအဆင့်ရပ်တည်နေသော ဘရာဇီးတွင် စမ်းသပ်ရန်ဆုံးဖြတ်ခဲ့သည်။ ဘရာဇီးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၃၂၆၀၂ ဦးရှိပြီး အတည်ပြုကူးစက်သူ ၅၈၇၀၁၇ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ = ၆၆၀၉၇၄၆ ဦး

သေဆုံးသူ = ၃၈၈၆၁၆ ဦး


ပြန်လည်ကျန်းမာလာသူ = ၃၁၉၃၉၇၃ ဦး

# မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့ ထိတွေ့မှုဖြစ်ပွား
## အကြမ်းဖက်အဖွဲ့မှ အလောင်းနှစ်လောင်း၊ သေနတ်နှစ်လက် သိမ်းဆည်းရမိပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၄
ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့ ထိတွေ့မှုဖြစ်ပွားပြီး ARSA အကြမ်းဖက်အဖွဲ့မှ အလောင်းနှစ်လောင်း၊ သေနတ်နှစ်လက် သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ပြန်လည်ဆုတ်ခွာသွား**

မောင်တောမြို့နယ် နှစ်နိုင်ငံနယ်ခြားမှတ်တိုင်(၃၄)နှင့် (၃၅)ကြား၌ တာဝန်ယူဆောင်ရွက်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲဒုတိယတပ်ကြပ် မင်းနိုင်ဦး ဦးစီးအဖွဲ့သည် ကင်းရှည်လုံခြုံရေးတာဝန် ဆောင်ရွက်နေစဉ် ယနေ့ ညနေ ၄ နာရီခွဲခန့်တွင် မီးဒိုက်ကျေးရွာဘက်မှ နယ်စပ်ခြံစည်းရိုးဘက်သို့ ထွက်ခွာလာသည့် ARSA အကြမ်းဖက်အဖွဲ့အင်အား ၂၅ ဦးခန့်နှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး ညနေ ၅ နာရီခန့်တွင် ARSA အကြမ်းဖက်အဖွဲ့သည် မီးဒိုက်ကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။







ဖြစ်စဉ်တွင် ARSA အကြမ်းဖက်အဖွဲ့မှ ပြောက်ကျားယူနီဖောင်းဝတ် အလောင်းနှစ်လောင်း၊ သေနတ်နှစ်လက်(M 16 တစ်လက်နှင့် BA 94 တစ်လက်)၊ ကျည် ၅၄ တောင့်(၅.၅၆ ကျည် ၂၈ တောင့်နှင့် ၉ မမ ကျည် ၂၆ တောင့်)၊ ကျည်အိမ်နှစ်ခု(M 16 တစ်ခုနှင့် BA 94 တစ်ခု) သိမ်းဆည်းရမိခဲ့ကြောင်း။

ရဲတပ်ဖွဲ့ဝင်တစ်ဦးတွင် ဝမ်းဗိုက်ယာဘက်နှင့် ယာခြေသလုံး လက်နက်ငယ်ကျည်ဖောက်ဝင်ဒဏ်ရာနှင့် ကျန်တစ်ဦးတွင် ယာတင်ပါး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာတို့ ရရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ည ၇ နာရီခွဲခန့်တွင် တောင်ပြိုတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်



# မိုးကြိုးဘေးကြောင့် သေဆုံး၊ ဒဏ်ရာရသူများအတွက် ကူညီထောက်ပံ့

နေပြည်တော် ဇွန် ၄
စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ ဇွန် ၂ ရက်တွင် ဖုန်းဖြင့် အင်တာနက်သုံးနေစဉ် မိုးကြိုးပစ်ခြင်းကြောင့် လူနှစ်ဦး သေဆုံး၍ ငါးဦးဒဏ်ရာရရှိခဲ့ပြီး ယမန်နေ့တွင်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ မိုးကြိုးပစ်မှုဖြစ်စဉ် တစ်ကြိမ်တွင် လူငါးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုးကြိုးဘေးကြောင့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်း၊ ဒဏ်ရာရသူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၇၀၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရေဦးမြို့နယ် ဦးစီးမှူးရုံးနှင့် မြိတ်ခရိုင်ဦးစီးမှူးရုံးတို့မှ သေဆုံးသူများ၏ မိသားစုများနှင့် ဒဏ်ရာရရှိသူများထံသို့ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့် မေလအတွင်း တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် မိုးကြိုးဘေးကြောင့် လူ ၂၅ ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

ယခုအချိန်အခါသည် မုတ်သုံကာလသို့ ရောက်ရှိလာပြီဖြစ်ရာ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ မိုးကြိုးပစ်ခြင်း ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပြီး မိုးကြိုးဘေးကြောင့် လူသေဆုံးထိခိုက်ဒဏ်ရာရမှုမှာလည်း ပိုမိုများပြားလာသဖြင့် ပြည်သူများအနေဖြင့် ယခုကဲ့သို့ လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကို အသုံးမပြုသင့်ကြောင်း၊ တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားသင့်ကြောင်း၊ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေသင့်ကြောင်း၊ အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီ ဖြန့်ခွဲနေထိုင်သင့်ကြောင်းနှင့် တယ်လီဖုန်းများ အသုံးပြုမှုနှင့်ပတ်သက်၍ အထူးသတိပြုဆင်ခြင်သုံးစွဲကြရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

# မိုးညိုမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မိုးညို ဇွန် ၄
ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ထိန်တောကျေးရွာ ဆရာစံလမ်းမ အထက(ထိန်တော)ကျောင်းရှေ့၌ ယနေ့ နံနက် ၈ နာရီက ကျေးရွာနေပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ထိန်တောနယ်မြေ ရဲစခန်းမှူး ရဲအုပ်အောင်သက်ထွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ထိန်တောနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ရဲအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကြီးမြင့်နှင့် ရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့သည် ကျေးရွာနေပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းနှင့် ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။

ကိုမင်း(မိုးညို)

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၄
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇၁ စီး၊ သွင်းကုန် ၃၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇ သန်း)ရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Crown Fertilizer Compound (18–4–5)1x50kg, C/O–TH(20 Bags)၊ Life Extension Super K, 90–softgels,C/O–USA(40 Pcs)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၄-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၇၄၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL – Mdy) မှ ဓာတ်ခွဲနမူနာ (၂၄၄) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၇) ခုနှင့်
- ပြည်သူ့ ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ(၉၃)ခု စုစုပေါင်း (၁၁၈၆)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၃၆) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃) ဦး (Case- 194၊ 195၊ 196) ရှိသဖြင့် (၄-၆-၂၀၂၀) ရက်နေ့အထိ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၁၄၈) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၃၄) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၄-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြပ်ကြည့်ရှုလူနာအသစ် (၅၁) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၄-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄၂) ခု |
| (၄-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL - Mdy) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၄) ခု |
| (၄-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၇) ခု |
| (၄-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၃၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၁၄၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၄-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူနေသည့်ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 235 | ၃၁ နှစ် | ကျား | ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ပြည်သူ့ဆေးရုံကြီး ခန္တီးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားသည့်လူနာ (ခန္တီးမြို့) |
| 236 | ၃၂ နှစ် | ကျား | ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ပြည်သူ့ဆေးရုံကြီး ခန္တီးမြို့ | တွေ့ရှိ | |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၃-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် – အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၆၈၄)ခုအား (၄-၆-၂၀၂၀) ရက်နေ့၊ နံနက်အစောပိုင်းတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိခဲ့ပါသည်။

၂။ (၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၃၄) ဦးရှိပါသည်။

၃။ (၃-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် –
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၃) ခု၊
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၃၃၉)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL – Mdy) မှ ဓာတ်ခွဲနမူနာ (၂၇၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၆၅) ခု၊
- စုစုပေါင်း (၁၉၀၅) ခုအား စစ်ဆေးခဲ့ပြီး (၄-၆-၂၀၂၀) ရက်နေ့၊ နံနက်အစောပိုင်းတွင် ဓာတ်ခွဲစစ်ဆေးမှုများ ပြီးစီးခဲ့ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၈၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၃၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၄၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 234 | ၃၈ နှစ် | ကျား | ကော့သောင်းမြို့နယ် [illegible] | မရှိ | ရှိ [illegible] | ကော့သောင်းမြို့နယ် ပြည်သူ့ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထား ရှိသူ (ကော့သောင်းမြို့နယ်) |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် ဇွန် ၄

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းပြည်ပအလှူရှင်များမှ ဆေးနှင့်ဆေးပစ္စည်း၊ စက်ကိရိယာများ လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှအမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပအလှူရှင်များအနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆေးနှင့်ဆေးပစ္စည်း၊ စက်ကိရိယာများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၃.၆.၂၀၂၀)(၁၈:၀၀)နာရီ

| စဉ် | အလှူရှင်အမည် | အမျိုးအစား | ပမာဏ | ခန့်မှန်းတန်ဖိုး (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁ | ဝေအောင်ကမ္ဘာ ကျောက်မျက်ကုမ္ပဏီလီမိတက် | COVID – 19 စစ်ဆေးရန် တောင်ကြီး၊ မော်လမြိုင်နှင့် လားရှိုးဓာတ်ခွဲခန်း စက်ကိရိယာ | ၃ စုံ | ၉၂၄၂ ဒသမ ၉၄ |
| ၂ | မန္တလေး မြို့ပြဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေရေးကော်မတီ | COVID – 19 စစ်ဆေးရန် မန္တလေး PHL နှင့် ရန်ကုန် NHL ဓာတ်ခွဲခန်း စက်ကိရိယာ | ၂ စုံ | ၈၀၉၂ ဒသမ ၅၂ |
| ၃ | ဦးကိုကိုထူး – ဒေါ်စန္ဒာအောင် သား မင်းသီဟထူး၊ သမီး ဆုသီရိထူး (MIP) ဝန်ထမ်းမိသားစု | Mask၊ Hand sanitizer၊ Gloves၊ PPE၊ Goggles၊ Thermometer၊ Disinfectant spray | | ၅၅၅၀ ဒသမ ၀၀ |
| ၄ | ဦးအောင်မြင့်ဆွေ၊ TENG FEI ASIA Group Co.,ltd. | COVID – 19 တစ်ကိုယ်ရေ ကာကွယ်ရေးသုံးပစ္စည်းများ Ventilator | ၂ | ၁၂၇၈ ဒသမ ၈၅ |
| ၅ | ကံပွင့်ဦး သတ္တုတူးဖော်ရေး Co.,ltd. | PPE၊ Gloves၊ Face Shield | | ၉၀၀ ဒသမ ၀၀ |
| ၆ | Golden Pinya | surgical mask | ၃၀၀၀၀၀ | ၈၀၀ ဒသမ ၀၀ |
| | | Infrared Thermometer | ၆၀၀ | |
| ၇ | ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှတစ်ဆင့် TENG FEI ASIA Group Co.,ltd. | COVID – 19 တစ်ကိုယ်ရေ ကာကွယ်ရေးသုံးပစ္စည်းများ | | ၇၅၄ ဒသမ ၆၅ |
| ၈ | Europa & Asia Commercial Foundation | Infrared Thermoscan | ၂ | ၆၉၀ ဒသမ ၀၀ |
| ၉ | INNWA IT & Mobile (GMT) Co.,ltd. ဦးတင်ထွန်း – ဒေါ်မြင့်မြင့်ဌေး၊ ဦးညိုထွေး – ဒေါ်ရွှေအိအိစံ | Infrared Thermometer နှင့် COVID – 19 တစ်ကိုယ်ရေ ကာကွယ်ရေးသုံးပစ္စည်းများ | | ၅၂၄ ဒသမ ၀၀ |
| ၁၀ | Zuellig Pharma Co.,ltd. | COVID – 19 တစ်ကိုယ်ရေ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ဆေးဝါးများ | | ၂၂၈ ဒသမ ၈၉ |
| ၁၁ | Model Pharma | VTM | ၃၂၄၀ | ၂၂၆ ဒသမ ၈၀ |
| ၁၂ | သူရိန် အလူမီနီယံ ဖြန့်ချိရေး | Oxygen Generator | ၁ | ၁၅၀ ဒသမ ၀၀ |
| ၁၃ | Biz Partner Group | Portable X'ray | ၁ | ၁၄၀ ဒသမ ၀၀ |
| ၁၄ | မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း | Thermal Scanner | ၅ | ၁၄၀ ဒသမ ၀၀ |
| ၁၅ | AYAR – MED Myanmar Co.ltd | Non Contact Thermometer၊ Digital BP Cuff၊ Nebulizer | | ၁၁၇ ဒသမ ၀၀ |
| ၁၆ | KYMS Co.,ltd. | Infusion Pump | ၁ | ၅၀ ဒသမ ၀၀ |
| | | Syringe Pump | ၁ | |
| | | **စုစုပေါင်း** | | ၂၈၈၈၅ ဒသမ ၆၅ |

ကျန်ရှိသော လှူဒါန်းငွေများနှင့်ဆေးရုံသုံးပစ္စည်း/စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ထိန်းချုပ်၊ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## မြဝတီတံတား အမှတ် (၂) မှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၂၀၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၄**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၂၀၄ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။



ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်တွင် ၆၀၊ ၂ ရက်တွင် ၅၄ ဦး၊ ၃ ရက်တွင် တစ်ဦး၊ ၄ ရက်တွင် ၄၄ ဦး၊ ၅ ရက်တွင် ၂၃ ဦး၊ ၈ ရက်တွင် ၁၀၀၊ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက် တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက် တွင် ၁၂၀ ဦး၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၂ ရက် တွင် ၃၆ ဦး၊ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ယနေ့တွင် ၁၂၀၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၁၆၉၉၁ ဦးထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ အမျိုးသား ၇၅၆ ဦး၊ အမျိုးသမီး ၄၄၈ ဦး စုစုပေါင်း ၁၂၀၄ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်၊ ဗုဒ္ဓမော်ကျောင်းတိုက်၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ ဆည်ကြီးကျောင်းတိုက်၊ ဃောသိတာရုံကျောင်းတိုက်၊ အမျိုးသားကျောင်းတိုက်၊ ဂရုချောင်းကျောင်းတိုက်၊ ဝိဘဇ္ဇဝါဒီကျောင်းတိုက်၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းတိုက်၊ မဟာဇေယျာသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက်၊ တေဇရာမကမ္မဋ္ဌာန်းကျောင်းတိုက်၊ နန်းရွှေဂူကျောင်းတိုက်၊ ဓမ္မာရာမကျောင်းတိုက်၊ ဒကွေ့ခြင်းကျောင်းတိုက်၊ မဟာသိမဝံသဘုရားများသိမ်၊ မဏိရတနာကျောင်းတိုက်၊ မဟာဝိဇယာရာမကျောင်းတိုက်၊ မဟာအောင်မြေဘုံကျောင်းတိုက် စုစုပေါင်း ယာယီတိုက်ပွဲရှောင်စခန်း ၁၈ ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၆၁၁ ဘူးအား သွားရောက်ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်ရှိ ဂျော် ၁၊ နေဝန်းနီနှင့် စိန့်သောမတ် စုစုပေါင်း IDP စခန်း သုံးခုသို့သွားရောက်၍ လက်ကိုင်စပီကာ သုံးခုနှင့် ကိုဗစ် –၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick သုံးခုတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

ထို့အတူ ယနေ့တွင်လည်း ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်ရှိ ဂျော် ၂၊ ပန်လုံ၊ မိုင်းဝီးစခန်းများနှင့် ကွတ်ခိုင်မြို့နယ်ရှိ ပန်ကူ၊ မုံးစီးကာသိုလိပ်ဘုရားကျောင်း၊ မုံးစီးပန်ယန်ခါး စုစုပေါင်း IDP စခန်းခြောက်ခုသို့သွားရောက်၍ လက်ကိုင်စပီကာ ခြောက်ခုနှင့် ကိုဗစ်–၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick ခြောက်ခုတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

**သတင်းစဉ်**



## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြား ချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည် တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရ မည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရှမ်းပြည်နယ်အတွင်း မိသားစု ၂၂၅၀၄ စုအား ရိက္ခာထုပ်နှင့် ငွေကျပ် တစ်သောင်းစီ ဖြန့်ဝေလှူဒါန်းခဲ့

တောင်ကြီး ဇွန် ၄

ကမ္ဘောဇဘဏ်လီမိတက်၏ မတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၀ နှင့် အများပြည်သူလှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၊ တိုက်ပွဲရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပရဟိတကျောင်းများသို့ စားနပ်ရိက္ခာနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းအထိ မိသားစုပေါင်း ၂၂၅၀၄ စုကိုရိက္ခာထုပ်များ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

### ထောက်ပံ့လှူဒါန်း

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်းတို့ ဦးဆောင်သော စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအဖွဲ့ဝင်များသည် အခြေခံလူတန်းစားပြည်သူများထံသို့ မေလအတွင်းမှ စတင်ကာ ကျေးရွာများအထိ ကိုယ်တိုင်သွားရောက်၍ ထောက်ပံ့လှူဒါန်းခဲ့သည်။ ရှမ်း၊ တောင်ရိုး၊ အင်းသား၊ ပအိုဝ်း၊ ကယန်း၊ ဗမာ၊ ဓနုတိုင်းရင်းသားများနေထိုင်သော တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များ၊ ညောင်ရွှေမြို့၊ အင်းလေးဒေသ၊ နောင်တရား၊ ဖယ်ခုံ၊ ကျောက်တလုံးကြီး၊ တီကျစ်၊



ရွာငံ၊ ပင်းတယနှင့် ဘော်ဆိုင်းဒေသရှိ တိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ပါဝင်သည့် ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို ထောက်ပံ့လှူဒါန်းခဲ့သည်။

### နေ့စဉ် ဖြန့်ဝေလှူဒါန်း

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ မန်ဆူ ဘုန်းတော်ကြီးကျောင်း၊ တိုက်ပွဲရှောင်စခန်းများ၊ နောင်ဖော့ကျေးရွာအုပ်စု လွယ်လွမ့်ကျေးရွာရှိ ဒေသခံ တိုင်းရင်းသားများနှင့် မန်းပွဲကျေးရွာ၊ မယ်ဟန်ကျေးရွာများရှိ ရှမ်းနှင့် ပလောင်တိုင်းရင်းသားများအတွက် ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် တီကျစ်နှင့် နောင်တရားဒေသရှိ ဂေါ်ဖီထုပ်စိုက်သည့် ဒေသခံတိုင်းရင်းသားတောင်သူများထံမှ တင်ပို့ရောင်းချရန် အခက်အခဲဖြစ်နေပြီး ဖျက်ဆီးရတော့မည့် ဂေါ်ဖီထုပ်ပေါင်း ၅၆၀၀၀၀ ကို အပြတ်ဝယ်ယူခဲ့သည်။ အဆိုပါ ဂေါ်ဖီထုပ်များကို နိုင်ငံအနှံ့အပြားမှ အကျဉ်းထောင်များ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပခုက္ကူ၊ မြင်းခြံ၊ ရမည်းသင်း၊ မော်လမြိုင်၊ တောင်ငူ၊ မန္တလေး၊ ပုဂံ၊ အေးသာယာ အစရှိသည့် ဒေသများမှ ပြည်သူများထံသို့ ကုန်တင်ကားကြီးများဖြင့် နေ့စဉ် ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

### ကျပ်သိန်းပေါင်း ၃၇၄၈၈ သိန်း လှူဒါန်း

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယခုအချိန်အထိ ကျပ်သိန်းပေါင်း ၃၇၄၈၈ သိန်း လှူဒါန်းထားကြောင်း သိရသည်။

ကိုကျော်

# ဇွန် ၄ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၃၆ ဦး ရှိသွားပြီ

နေပြည်တော် ဇွန် ၄

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ သုံးဦးရှိပြီး ၎င်းတို့မှာ ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၃၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၃၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၄၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၃၄ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၃၁၇၀၁ | ၂၃၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၄၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၁၀၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၃၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၈၃ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၃ | |
| ၉ | ရခိုင် | ၃ | |
| ၁၀ | နေပြည်တော် | ၂ | |
| ၁၁ | ကရင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၃၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၄-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၉၀၄၉၇၆ | ၆၈၈၉၁၆ | ၁၀၉၂၀၄ |
| ဘရာဇီး | ၅၈၇၀၁၇ | ၂၆၆၁၃၂ | ၃၂၆၀၂ |
| ရုရှား | ၄၄၁၁၀၈ | ၂၀၄၆၂၃ | ၅၃၈၄ |
| စပိန် | ၂၈၇၄၀၆ | စိစစ်ဆဲ | ၂၇၁၂၈ |
| ဗြိတိန် | ၂၇၉၈၅၆ | စိစစ်ဆဲ | ၃၉၇၂၈ |
| အီတလီ | ၂၃၃၈၃၆ | ၁၆၀၉၃၈ | ၃၃၆၀၁ |
| အိန္ဒိယ | ၂၁၈၄၃၇ | ၁၀၄၆၂၈ | ၆၁၀၄ |
| ဂျာမနီ | ၁၈၄၄၉၂ | ၁၆၇၈၀၀ | ၈၇၀၁ |
| ပီရူး | ၁၇၈၉၁၄ | ၇၂၃၁၉ | ၄၈၉၄ |
| တူရကီ | ၁၆၆၄၂၂ | ၁၃၀၈၅၂ | ၄၆၀၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၆၉၂၂ | ၂၃၅၈၂ | ၂၄ |
| အင်ဒိုနီးရှား | ၂၈၈၁၈ | ၈၈၉၂ | ၁၇၂၁ |
| ဖိလစ်ပိုင် | ၂၀၃၈၂ | ၄၂၄၈ | ၉၈၄ |
| မလေးရှား | ၈၂၄၇ | ၆၅၅၉ | ၁၁၅ |
| ထိုင်း | ၃၁၀၁ | ၂၉၆၈ | ၅၈ |
| ဗီယက်နမ် | ၃၂၈ | ၃၀၂ | ၀ |
| မြန်မာ | ၂၃၆ | ၁၄၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၈ | ၀ |

## တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၃၀ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၃၆ မြို့နယ်ရှိ နေရာ ၇၀ တို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၁ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၂ ကီလိုဂရမ်၊ ရေဂါလန် ၃၁၈၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

## မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများနှင့် တင်ဒါပိုက်ချက်များအား ရာသီအချိန်မီရောင်းချ

**မကွေး ဇွန် ၄**

မကွေးတိုင်းဒေသကြီးတွင် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါပိုက်ချက်များ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းတို့ကို မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ ၂၀၁၄ နှင့်အညီ နှစ်စဉ် ဧပြီလမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေးဖြင့်ကျင်းပသည့် အခမ်းအနားများကို တားမြစ်ထားသည့်ကာလဖြစ်၍ ဧပြီလအတွင်း ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။



ဂရန်အင်းနှင့် တင်ဒါပိုက်ချက်များအား ရာသီအချိန်မီ ရောင်းချနိုင်ခြင်း မရှိပါက အင်း၊ တင်ဒါပိုက်ချက်များအတွင်း စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အင်း၊ တင်ဒါပိုက်ချက်များ ပျက်စီးတိမ်ကောခြင်းနှင့် ရာသီအချိန်မီဆွဲဝယ်လုပ်ကိုင်သူ မရှိပါက ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးနစ်နာစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းနှင့် တင်ဒါပိုက်ချက်များ (ပထမအကြိမ်) ရောင်းချခြင်းအခမ်းအနားများကို အနည်းဆုံးလူအင်အားဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်နှင့် ပခုက္ကူခရိုင်တို့၌ ရောင်းချခဲ့ရာ ဂရန်အင်း စုစုပေါင်း ၄၂ အင်း၊ အင်းခွန်ငွေကျပ် ၁၃၂ ဒသမ ၃၉၆ သန်းနှင့် တင်ဒါပိုက်ချက် စုစုပေါင်း ၆၁ချက်၊ အခွန်ငွေကျပ် ၇၉ ဒသမ ၇၁၁ သန်း ပြည်သူ့ဘဏ္ဍာသို့ ပေးသွင်းနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းဘူးအထွေထွေဆေးရုံကြီးနှင့် မန်းရေနံမြေထိစပ်ကျေးရွာများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**မင်းဘူး ဇွန် ၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကို အထောက်အကူပြုရန် ရည်ရွယ်၍ MPRL E&P ကုမ္ပဏီ ဝန်ထမ်းမိသားစုများစုပေါင်းကာ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး မင်းဘူး အထွေထွေရောဂါကု ဆေးရုံကြီး၊ မန်းရေနံမြေ ထိစပ်ကျေးရွာများဖြစ်သည့် မန်းကျိုးနှင့် မယ်ဘဲ့ကုန်း ကျေးရွာ ကျန်းမာရေးဆေးပေးခန်းများအတွက် လိုအပ်သည့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ဇွန် ၃ ရက်က လှူဒါန်းခဲ့သည်။



အဆိုပါ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းမှုအခမ်းအနားကို မင်းဘူးအထွေထွေရောဂါကုဆေးရုံကြီးတွင် ကျင်းပခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်ခိုင်၊ ဆေးရုံအုပ် ဒေါက်တာဆွေဆွေမြင့်နှင့် သက်ဆိုင်ရာဌာနအလိုက် အထူးကုဆရာဝန်ကြီးများ၊ MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေး မန်နေဂျာနှင့် CSR လုပ်ငန်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသားဖွားဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

လှူဒါန်းမှုတွင် စုစုပေါင်းငွေကျပ် ၂၈ သိန်းတန်ဖိုးရှိ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၆၀၊ အဝတ်နှာခေါင်းစည်း အခု ၅၀၀၊ N 95 နှာခေါင်းစည်း အခု ၂၀၀၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း အခု ၅၀၀၀၊ လက်ဆေးဆပ်ပြာရည်ဘူး ၂၂၀ နှင့် လက်သန့်ဆေးရည်ဘူး ၂၂၀ တို့ကို မင်းဘူးအထွေထွေရောဂါကုဆေးရုံကြီးနှင့် မန်းကျိုး၊ မယ်ဘဲ့ကုန်းကျေးရွာ ကျန်းမာရေးဆေးပေးခန်းများတွင် အသုံးပြုရန် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်း ဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၃)

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်း



မောင်စာဂ

၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်သူများ အထောက်အကူဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုထပ်မံ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များသတ်မှတ်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းချက်များမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းရာတွင်-

ပထမအချက်အနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည်။

ဒုတိယအချက်အနေဖြင့် တိုင်းဒေသကြီးများတွင် ထိုတိုင်းဒေသကြီးရရှိပြီးသော သို့မဟုတ် တိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သည်။

တတိယအချက်အနေဖြင့် ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည်။

စတုတ္ထအချက်အနေဖြင့် ပထမအချက်နှင့် ဒုတိယအချက် သို့မဟုတ် ပထမအချက်နှင့် တတိယအချက်တို့အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည်။ [ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ ]

**မဲဆန္ဒနယ်သတ်မှတ်ခြင်း**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သည်။ ထိုသို့ သတ်မှတ်ရာ၌ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သည် -

ပထမအချက်မှာ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ် နှစ်နယ်စီသတ်မှတ်သည်။ ထိုသို့ သတ်မှတ်ရာတွင် မြို့နယ်အတွင်းရှိ မဲဆန္ဒနယ်တစ်နယ်နှင့် တစ်နယ်၏ လူဦးရေကွာခြားမှု မကြီးမားစေရပါ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုကို ပိုင်းခြားစိတ်ဖြာပြီး မဲဆန္ဒနယ်များတွင် ခွဲဝေထည့်သွင်းခြင်းမပြုရပါ။

ဒုတိယအချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်အရ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခွင့်ရှိသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးစီအတွက် မဲဆန္ဒနယ် သတ်မှတ်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ် တစ်နယ်စီအဖြစ် သတ်မှတ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၄ (က)တွင် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်သော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုသာ သတ်မှတ်ပေးသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ်များ သတ်မှတ်ပေးခြင်းမပြုရပါ။

**ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုသာ သတ်မှတ်ပေးသည်။**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ်များ သတ်မှတ်ပေးခြင်းမပြုရပါ။**

**တိုင်းရင်းသားလူမျိုးများအတွက်မဲဆန္ဒနယ်**

၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ် သတ်မှတ်ထားရှိသည်။ ယင်းတို့မှာ ကချင်ပြည်နယ်တွင် လေးနယ်၊ ကယားပြည်နယ်တွင် တစ်နယ်၊ ကရင်ပြည်နယ်တွင် သုံးနယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် တစ်နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်နယ်၊ မကွေးတိုင်းဒေသကြီးတွင် တစ်နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တစ်နယ်၊ မွန်ပြည်နယ်တွင် သုံးနယ်၊ ရခိုင်ပြည်နယ်တွင် တစ်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်နယ်၊ ရှမ်းပြည်နယ်တွင် ခုနစ်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်နယ် စသည်ဖြင့် သတ်မှတ်ခဲ့သည်။

**ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များအတွက် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် အတူတူပင်ဖြစ်သည်။ အသက်ကန့်သတ်ချက်လည်း တူသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသည့်အချိန်တွင် အသက် ၂၅နှစ် ပြည့်သူများဖြစ်ကြရသည်။

**ရွေးကောက်ပွဲကျင်းပခြင်း**

ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက် ကျင်းပရမည်ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ပြဋ္ဌာန်းထားသဖြင့် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများကိုလည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများနှင့်အတူ တစ်နေ့တည်းတွင် တစ်ပြိုင်နက်ကျင်းပသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ယင်းနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ယင်းနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။

**ပါဝင်ယှဉ်ပြိုင်မှု**

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်အသီးသီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့အတွက် မဲဆန္ဒနယ်စုစုပေါင်း ၆၆၁ နယ်တွင် နိုင်ငံရေးပါတီပေါင်း ၃၇ ခုမှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၁၆၀၃ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ၃၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းတို့အထဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၁ ဦး ပါဝင်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်အသီးသီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့အတွက် မဲဆန္ဒနယ်စုစုပေါင်း ၆၅၉ နယ်တွင် နိုင်ငံရေးပါတီပေါင်း ၉၁ ခုမှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၃၄၁၉ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ၁၇၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းတို့အထဲတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်း ၄၄၆ ဦး ပါဝင်ခဲ့သည်။

**မဲဆန္ဒနယ်သတ်မှတ်ခြင်း၏အကျိုးသက်ရောက်မှု**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များသည် လွှတ်တော်သက်တမ်းတစ်ခုအတွက်သာ ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်မဲဆန္ဒနယ်များသတ်မှတ်ပြီးမှ မြို့နယ်အသစ်ဖွဲ့စည်းခဲ့လျှင် ယင်းမြို့နယ်သည် ထိုပုံမှန်သက်တမ်းအတွက် သတ်မှတ်ထားသည့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွင် ပါဝင်သည်ဟု မှတ်ယူရပါသည်။ လွှတ်တော်သက်တမ်းမကုန်ဆုံးမီ နောက်သက်တမ်းတစ်ခုအတွက် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ပေးရသည်။

**အသင့်ပြင်ဆင်ပါဝင်ဆောင်ရွက်နိုင်ကြပါစေ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် နီး၍နီး၍ လာပါပြီ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များကို သတ်မှတ်ကြေညာပေးရပါမည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံကြရပါမည်။ အထူးသဖြင့် မဲစာရင်းတွင်ပါဝင်သူ ဖြစ်ရပါမည်။ မဲစာရင်းတွင်ပါဝင်သူဟုဆိုရာတွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်ရန်မလိုပါ။ မဲဆန္ဒနယ်တစ်ခုခု၏ မဲစာရင်းတွင် ပါဝင်နေဖို့ လိုပါသည်။ ဤသည်မှာ အရေးကြီးသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် မိမိတို့၏ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မည်သည့်မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည်ကို ကြိုတင်ရွေးချယ်မှုတွေ ပြုကြရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ကြိုတင်လေ့လာဖတ်ရှုကြရပါမည်။ သို့မှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် နေ့ရက်နှင့် မဲဆွယ်စည်းရုံးရေးကာလများကို ထုတ်ပြန်ကြေညာသည့်အခါ အဆင်သင့်ရှိနေကြမည်ဖြစ်ကြောင်း ပါဗျာ။

- **တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ လွတ်လပ်၍တရားမျှတပါစေ၊**
- **လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြိုတင်စီမံဆောင်ရွက်နိုင်ကြပါစေ၊**
- **ဥပဒေနှင့်အညီ တရားမျှတ၊ သန့်ရှင်းစွာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ။ ။**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်လုပ်ငန်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးလုပ်ငန်းနှင့် လုပ်ငန်းလိုင်စင်လုပ်ငန်းများ ပြန်လည်စတင်ရန် အများပြည်သူသို့အသိပေးကြေညာခြင်း

- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများ၏ ဝန်ဆောင်မှုလုပ်ငန်းများကို (၈-၆-၂၀၂၀)ရက် (တနင်္လာ)နေ့မှစ၍ ပြန်လည်စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း ယာဉ်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်မီဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ရမည်ဖြစ်ပါသည်-
  - (က) ၃/၂၀၂၀ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် ၄/၂၀၂၀ လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်ယာဉ်များသည် (၈-၆-၂၀၂၀)ရက်မှ (၃၁-၇-၂၀၂၀)ရက်နေ့အတွင်း၊
  - (ခ) ၅/၂၀၂၀ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈-၆-၂၀၂၀)ရက်မှ (၃၁-၈-၂၀၂၀)ရက်နေ့အတွင်း၊
  - (ဂ) ၆/၂၀၂၀ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈-၆-၂၀၂၀)ရက်မှ (၃၀-၉-၂၀၂၀)ရက်နေ့အတွင်း၊
- ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မှတ်ပုံတင်သက်တမ်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ နှစ်ပြတ်နိုင်သည့် ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုး ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်-
  - (က) ၃/၂၀၁၅ လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် ၄/၂၀၁၅ လ မှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်ယာဉ်များသည် (၈-၆-၂၀၂၀)ရက်မှ (၃၁-၇-၂၀၂၀)ရက်နေ့အတွင်း၊
  - (ခ) ၅/၂၀၁၅ လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈-၆-၂၀၂၀)ရက်မှ (၃၁-၈-၂၀၂၀)ရက်နေ့အတွင်း၊
  - (ဂ) ၆/၂၀၁၅ လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈-၆-၂၀၂၀)ရက်မှ (၃၀-၉-၂၀၂၀)ရက်နေ့အတွင်း၊
- ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း သက်တမ်းကုန်ဆုံးရက်ကျရောက်သော ယာဉ်မောင်းလိုင်စင်များသည် အောက်ပါသတ်မှတ်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်မီဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ရမည်ဖြစ်ပါသည်-
  - (က) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၂၅-၃-၂၀၂၀ မှ ၃၀-၄-၂၀၂၀) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၁-၇-၂၀၂၀)အထိ၊ (ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)
  - (ခ) လိုင်စင်သက်တမ်းကုန်ဆုံးရက်(၃၀-၃-၂၀၂၀ မှ ၃၀-၄-၂၀၂၀) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၁-၇-၂၀၂၀)အထိ၊ (အခြားတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)
  - (ဂ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁-၅-၂၀၂၀ မှ ၃၁-၅-၂၀၂၀) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၁-၈-၂၀၂၀)အထိ၊
  - (ဃ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁-၆-၂၀၂၀ မှ ၃၀-၆-၂၀၂၀) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၀-၉-၂၀၂၀) အထိ၊
- ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း ယာဉ်မောင်းလိုင်စင်သက်တမ်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ နှစ်ပြတ်နိုင်သည့် ယာဉ်မောင်းလိုင်စင်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုး ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက (၅)နှစ်ကျော် နှစ်ပြတ်လိုင်စင်အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်-
  - (က) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၂၅-၃-၂၀၁၅ မှ ၃၀-၄-၂၀၁၅) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၁-၇-၂၀၂၀)အထိ၊ (ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)
  - (ခ) လိုင်စင်သက်တမ်းကုန်ဆုံးရက်(၃၀-၃-၂၀၁၅ မှ ၃၀-၄-၂၀၁၅) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၁-၇-၂၀၂၀)အထိ၊ (အခြားတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)
  - (ဂ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁-၅-၂၀၁၅ မှ ၃၁-၅-၂၀၁၅) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၁-၈-၂၀၂၀)အထိ၊
  - (ဃ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁-၆-၂၀၁၅ မှ ၃၀-၆-၂၀၁၅) အတွင်းရှိ လိုင်စင်များသည် (၈-၆-၂၀၂၀ မှ ၃၀-၉-၂၀၂၀)အထိ၊
- တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်)၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ခရိုင်ရုံး(ရန်ကုန် အနောက်ပိုင်း/ရန်ကုန်အရှေ့ပိုင်း/ရန်ကုန်မြောက်ပိုင်း/ရန်ကုန်တောင်ပိုင်း)၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မန္တလေး)၊ခရိုင်ရုံး(မန္တလေး တောင်ပိုင်း/မန္တလေးမြောက်ပိုင်း)နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)တို့တွင် ယာဉ်ပိုင်ရှင်များသည် မိမိယာဉ်စစ်ဆေးလိုသည့် ရက်များကို (၅-၆-၂၀၂၀) ရက် (သောကြာနေ့)မှ စတင်၍ ယခင်အတိုင်း www.rtad.gov.mm Website တွင် Online Booking ကို အနည်းဆုံး(၁)ရက်မှ အများဆုံး(၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။ လူစုလူဝေးမဖြစ်ပေါ်စေရန် Online Booking စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သောကြောင့် ကြိုတင်စုဝေးခြင်းမပြုလုပ်ဘဲ သတ်မှတ်ထားသည့် အချိန်တွင်သာ လာရောက်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများနှင့် မန္တလေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီးဦးစီးမှူးရုံး (မန္တလေး)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း/မန္တလေး မြောက်ပိုင်း)ရုံးများ၌ အပတ်စဉ် စနေနေ့ကိုပါ ဝန်ဆောင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ (နောက်ဆုံးပတ်)အထိ စနေနေ့ပါ Online Booking ရယူနိုင်ပါသည်။
- အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTAD HQ facebook များတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း လေးစားစွာ အသိပေး ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် လက်စွဲစာစောင်များ ဖြန့်ဝေ

**နေပြည်တော် ဇွန် ၄**

"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး" သည် နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရား၏ အခြေခံအကျဆုံးဖြစ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် လက်စွဲစာစောင်ကို ရပ်/ကျေးအားလုံး လက်ဝယ်အရောက် ဖြန့်ပေးပြီး နောက်တစ်ဆင့် Mobile App အထိရအောင် ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့တွင် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။

အဆိုပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် လက်စွဲစာစောင်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် မေလတွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ထိုသို့ လက်စွဲစာအုပ်ထုတ်ဝေရခြင်းနှင့်စပ်လျဉ်း၍ "ပြည်သူနှင့်အတူ" ဟူသော ဆောင်ပုဒ်နှင့်အညီ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့၍ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရသော ပြည်သူ့ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး" သည် နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား၏ အခြေခံအကျဆုံးဖြစ်သောကြောင့် အုပ်ချုပ်ရေး အခြေခံအုတ်မြစ် ခိုင်ခံ့စေရန် အုပ်ချုပ်ရေးမှူးများ၏ ဆောင်ရွက်ချက်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ဆောင်ရွက်ရန်မှာ အရေးကြီးသောအချက်ဖြစ်ကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာနယ်မြေများမှ တည်ဆဲဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ပြီး ဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရည်ညွှန်းကိုးကားနိုင်ရန် ဤလက်စွဲစာစောင်ကို ပြုစုထုတ်ဝေရခြင်းဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းလက်စွဲစာစောင်တွင် အုပ်ချုပ်ရေးနယ်မြေများဖွဲ့စည်းမှု၊ အုပ်ချုပ်ရေးသမိုင်း၊ အုပ်ချုပ်ရေးမှူးများ ရွေးချယ်/ ခန့်အပ်/ တာဝန်ပေးအပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရုံးလုပ်ထုံးလုပ်နည်းများနှင့် ရပ်ကွက်တွင်းနေထိုင်သူများ လိုက်နာရမည့်အချက်များ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ အုပ်ချုပ်ရေး/ စီးပွားရေး/ မြေယာ/ လူမှုရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်သည့် ကိစ္စရပ်များဖြင့် အခန်း ၁၀ ခန်း ပါဝင်သည်။

မှန်ကန်စွာ ရည်ညွှန်းကိုးကားဆောင်ရွက်ခြင်းဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးသည် ပိုမိုထိရောက် အားကောင်းလာမည့်အပြင် မြို့နယ်/ ခရိုင်အုပ်ချုပ်ရေး လုပ်ငန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအထိ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

**ထက်လျှံ**

## ကညနဝန်ဆောင်မှုလုပ်ငန်းများ Online Booking ရယူဆောင်ရွက်ရမည်

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကညနဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် မော်တော်ယာဉ်သက်တမ်းတိုးမြှင့်ခြင်း၊ မော်တော်ယာဉ်လိုင်စင်လုပ်ငန်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်း စသော ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်လိုသူများအနေဖြင့် ဦးစွာ Online Booking ပြုလုပ်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းထွန်းက မေ ၂ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏ရုံး၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

"တစ်နိုင်ငံလုံးမှာရှိတဲ့ ကညနရုံးအားလုံးကို ဇွန် ၁ ရက်ကစပြီး စစ်နေပါပြီ။ ကျွန်တော်တို့ကလည်း ကျန်းမာရေးလမ်းညွှန်ချက်နဲ့အညီ ပြန်ဖွင့်ဖို့ အသင့်ဖြစ်နေပါပြီ။ မော်တော်ယာဉ်သက်တမ်းတိုးတာတွေ၊ ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုတာတွေ၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးတာတွေ အားလုံးကို Online Booking ရယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ သတ်မှတ်ပေးထားတဲ့ အချိန်အတွင်းမှာ လာရောက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ Online Booking ရယူထားကြောင်း အထောက်အထားတစ်ခုကိုပြသပြီး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထွန်းက ဆက်လက်ရှင်းပြသည်။

မြင်သာကညနရုံးတွင် လုပ်ငန်းများ ပြန်လည်စတင်သည့်အခါ တစ်ရက်လျှင် ယာဉ်စီးရေ ၇၀၀ အထိသာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများလည်း ယူဆောင်လာရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် မော်တော်ယာဉ်စီးရေ ၁ ဒသမ ၁ သန်းရှိသည့်အနက် ထက်ဝက်မှာ ရန်ကုန်တိုင်းဒေသကြီး၌ရှိကြောင်း၊ ထို့အတူ တစ်နိုင်ငံလုံး ယာဉ်မောင်းလိုင်စင် ၂ ဒသမ ၃ သန်းရှိသည့်အနက် သုံးပုံတစ်ပုံမှာ ရန်ကုန်တိုင်းဒေသကြီးမှဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချပ်သင်းဘေးမဲ့တောရှိ ရွှေသမင် ၁၀၄၂ ကောင်အတွက် သီးနှံစိုက်ခင်း ၁၀ ဧက စိုက်ပျိုးပေးလျက်ရှိ

**မုံရွာ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ချပ်သင်းဘေးမဲ့တောတွင် ကျက်စားနေသည့် ရွှေသမင် ၁၀၄၂ ကောင်အတွက် သီးနှံစိုက်ခင်း ၁၀ ဧက စိုက်ပျိုးပေးလျက်ရှိကြောင်း ချပ်သင်းဘေးမဲ့တောမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်ထံမှ သိရသည်။



အဆိုပါ သီးနှံစိုက်ခင်း ၁၀ ဧကထဲတွင် စိုက်ပျိုးမည့် အပင်များအနေဖြင့် ပဲစင်းငုံ၊ ပြောင်းဖူးနှင့် ပဲအမျိုးမျိုးတို့ အဓိကထားပြီး စိုက်ပျိုးပေးမည်ဖြစ်ပါကြောင်း၊ ရွှေသမင်များ ရေသောက်ရာတွင် အဆင်ပြေစေရန်အတွက် ရေကန်နှစ်ကန် တူးဖော်ပေးခြင်း၊ ချောင်းနှင့် မြောင်းများကို ပိတ်ပြီး ဆည်ဖို့ထားသည့် တုတ်ဆည် ငါးခု တည်ဆောက်ပေးခြင်း တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ၎င်းက ပြောသည်။

ချပ်သင်းဘေးမဲ့တော၏ ဧရိယာမှာ ကန့်ဘလူမြို့နယ်တွင် ၂၁၉၀၈ ဧက နှင့် ကောလင်းမြို့နယ်တွင် ၄၂၃၅၆ ဒသမ ၄၂ ဧက စုစုပေါင်း ၆၄၂၆၄ ဒသမ ၄၂ ဧကရှိသော ဘေးမဲ့တောတွင် ရွှေသမင်အကောင်ရေ ၁၀၄၂ ကောင်ရှိပြီး ယခင်နှစ်ထက် အကောင် ၁၀၀ ကျော်တိုးလာပါကြောင်း၊ အလားတူ နို့တိုက်သတ္တဝါ ၁၃ မျိုး၊ ငှက်ပျိုးစိတ် ၂၆၂ မျိုး၊ ဖား ၁၆ မျိုး၊ မြွေ ၂၃ မျိုး၊ ပုတ်သင် ၁၂ မျိုး၊ လိပ် ၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၆၅ တို့လည်း ကျက်စားလျက်ရှိကြောင်း သိရသည်။


**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

❖ စာမျက်နှာ ၂၂ မှ

## ဟိုတယ်ခန်း၊ ရုံးခန်းနှင့် ကွန်ဒိုခန်းများ တည်ဆောက်မှု


၂၀၁၁ မှ စ၍ မြန်မာနိုင်ငံသို့ ပြည်ပခရီးသည်ဝင်ရောက်မှုမြင့်လာခြင်း၊ နိုင်ငံခြားကုမ္ပဏီများအခြေစိုက်လာခြင်းတို့ကြောင့် ဟိုတယ်အသစ် တည်ဆောက်မှု၊ ရုံးခန်းငှားရမ်းရန်၊ အဆင့်မြင့်လူနေခန်းငှားရန် ကွန်ဒိုတည်ဆောက်မှု၊ အဆင့်မြင့် Service Building တည်ဆောက်မှုများ တစ်နှစ်ပြီး တစ်နှစ် တိုးတက်တည်ဆောက်ခဲ့သည်ကို အောက်ပါဇယားတွင် တွေ့နိုင်ပါသည်-

**ရန်ကုန်မြို့ ရုံးခန်းငှားရမ်းထားမှုဇယား**





နိုင်ငံခြားသားရုံးခန်းငှားရမ်းမှု အခြေအနေမှာ တိုးတက်လျက်ရှိပြီး ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း အလားအလာကောင်းဦးမည်ဟု ခန့်မှန်းရပါသည်။

**ရန်ကုန်မြို့ ရုံးခန်းငှားရမ်းခဈေးနှုန်း**





(လက်ရှိ အခြေအနေတွင် ရုံးခန်းငှားရမ်းခဈေးနှုန်းမှာ ပျမ်းမျှ 35 USD/sq m/month ဖြစ်ပါသည်။ ကိုဗစ်-၁၉ အလွန်ကာလတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းလာနိုင်ပါသည်။)

**ရန်ကုန်မြို့ နိုင်ငံခြားသား အိမ်ခန်းငှားရမ်းမှု**




(ယခုအချိန်တွင် အခန်း ၃၀၀၀ အထိ ငှားရမ်းထားမှုရှိပြီး လာမည့် သုံးနှစ်အတွင်း အခန်း ၄၂၀၀ အထိ တိုးတက်ငှားရမ်းလာနိုင်ပါသည်)

**ရန်ကုန်မြို့ နိုင်ငံခြားသား အိမ်ခန်းငှားရမ်းမှု (မြို့နယ်အလိုက်)**




(Inner city Area တွင် နိုင်ငံခြားသားအများစုက ပိုမိုငှားရမ်းလိုကြပါသည်။)

**ရန်ကုန်မြို့ ကွန်ဒိုများတွင် နိုင်ငံခြားသားအိမ်ခန်းငှားရမ်းထားမှုဇယား**




ကိုဗစ်-၁၉ မတိုင်မီ ရန်ကုန်လေဆိပ်မှ တစ်နှစ်လျှင် နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှု ၁ ဒသမ ၈ သန်းအထိ တိုးတက်လာပါသည်။ ၎င်းတို့၏ ၁ ဒသမ ၁ သန်းသည် ကမ္ဘာလှည့်ခရီးသည်အနေဖြင့် လည်းကောင်း၊ သုည ဒသမ ၇ သန်းသည် အလုပ်လုပ်ကိုင်ရန်လည်းကောင်း ဝင်ရောက်လာရာ ၎င်းတို့အတွက် ဟိုတယ်ခန်းအရေအတွက်သည်လည်းကောင်း၊ ရုံးခန်းနှင့် ကွန်ဒိုတိုက်ခန်း အရေအတွက်သည်လည်းကောင်း မျှခြေအခြေအနေဖြစ်သည်ဟု ယူဆပါသည်။ ကိုဗစ်-၁၉ အလွန်ကာလတွင် ကမ္ဘာလှည့်ခရီးသည်အရေအတွက် လျော့ကျမှုဖြစ်လာမည် ဖြစ်သော်လည်း အလုပ်လုပ်ကိုင်ရန် ဝင်ရောက်သည့် နိုင်ငံခြားသားအရေအတွက်မှာ လျော့ကျခြင်းမဖြစ်နိုင်၊ အနည်းငယ် တိုးလာနိုင်သည်ဟု CMR မှ ခန့်မှန်းထားပါသည်။ ဟိုတယ်အသစ်တည်ဆောက်မှုမှာ ကိုဗစ် အလွန်တွင် ရပ်နေနိုင်သော်လည်း နိုင်ငံခြားသားများအတွက် ရည်ရွယ်၍ ရုံးခန်းတည်ဆောက်ခြင်း၊ ကွန်ဒိုခန်းတည်ဆောက်ခြင်းများကတော့ ဆက်လက်ရှိနေမည်ဟု CMR မှ ခန့်မှန်းထားပါသည်။ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် Land Development Project အဆိုပြု တင်ပြမှုများကတော့ ကိုဗစ်-၁၉ အလွန်ကာလတွင် ဆက်လက်တိုးတက်နေဦးမည်ဟု ခန့်မှန်းပါသည်။

### မြို့ပြအိမ်ရာကဏ္ဍ

မြို့ပြအိမ်ရာကဏ္ဍနှင့်ပတ်သက်၍ World Bank မှ အောက်ပါအတိုင်း သုံးသပ်ထားပါသည် -

(က) မြန်မာနိုင်ငံတွင် ယနေ့အချိန် မြို့ပြများတွင် လူဦးရေ ၁၅ သန်းခန့် နေထိုင်လျက်ရှိနေပြီး ၂၀၅၀ တွင် မြို့ပြများ၌ လူဦးရေ ၃၂ သန်းအထိ တိုးမြင့်နေထိုင်လာကြမည်ဟု ခန့်မှန်းထားပါသည်။ အလုပ်အကိုင်အခွင့်အလမ်းကြောင့် ကျေးလက်မှမြို့ပြသို့ ပြောင်းရွှေ့နေထိုင်လာကြမည်ဖြစ်ပါသည်။

(ခ) ယင်းမြို့ပြများအနက် GDP အမြင့်ဆုံးဖြစ်သော ရန်ကုန်မြို့သည် နှစ်စဉ် လူဦးရေတိုးတက်နှုန်း နှစ်ရာခိုင်နှုန်းဖြင့် လျင်မြန်စွာ ကြီးထွားလျက်ရှိရာ နေစရာအိမ်ခန်း၊ သွားလာပို့ဆောင်ရေးစနစ်၊ ရေနှင့် သန့်ရှင်းရေး၊ စွန့်ပစ်အမှိုက်၊ မီးရရှိရေး စသော အခြေခံ Urban Services များ မလုံလောက်မှုကြောင့်၊ ရာသီဥတုနှင့် ရောဂါဒဏ်ကြောင့် ထိခိုက်နိုင်ခြေ မြင့်တက်လျက်ရှိပါသည်။ မိုးများခြင်း၊ ရေကြီးခြင်း၊ ရေရှားခြင်းနှင့် ငလျင်ဘေးဒဏ်ကဲ့သို့ သဘာဝဘေးအန္တရာယ်များနှင့် ကိုက်ညီသော Urban Services နှင့် Infrastructure Network များ တည်ဆောက်နိုင်ခြင်း မရှိသေးသည့်အတွက် မြန်မာနိုင်ငံသည် ရာသီဥတုဒဏ် အခံရဆုံးနိုင်ငံများစာရင်းတွင် တတိယမြောက်နိုင်ငံအဖြစ် (3rd Rank ) ပါဝင်လျက်ရှိပါသည်။

(ဂ) ကမ္ဘာတစ်လွှား Supply Chain ရပ်တန့်နေမှုကြောင့် ရန်ကုန်မြို့၏ ကဏ္ဍပေါင်းစုံတွင် အလုပ်သမား ၆၀၀၀၀ မှ ၈၀၀၀၀ ခန့်အထိ အလုပ်ဆုံးရှုံးခြင်းများအပြင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော အလုပ်လက်မဲ့ဦးရေ တိုးပွားနေသည်။ ထိုအခြေအနေတွင် အိမ်ရာ/နေအိမ် လိုအပ်ချက် မြင့်တက်နေသော်လည်း အိမ်ရာဝယ်ယူလိုသူ ကျဆင်းခြင်း ဖြစ်နေပါသည်။

### မြို့ပြအိမ်ရာကဏ္ဍနှင့် CERP

CERP ပန်းတိုင် (၄)တွင် " အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျော့ပါးစေခြင်း" ခေါင်းစဉ်ဖြင့် Action Plan များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားခလျှော့ချပေးခြင်း၊ အခြေခံစားသောက်ကုန်များ ပံ့ပိုးပေးခြင်း၊ MCCT အကျိုးခံစားခွင့်ပေးခြင်း၊ အထိခိုက်လွယ်ဆုံး အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ခြင်းတို့ဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါသည်။ အခြေခံလုပ်သားများ၊ လက်လုပ်လက်စားများ နေထိုင်ရေးအတွက် အငှားအိမ်ရာ၊ အရစ်ကျ အရောင်းအိမ်ရာစီမံကိန်းများကတော့ CERP ပန်းတိုင် (၃) Action Plan ၃.၀.၂ (က)အရ ရေရှည်စီမံကိန်းအဖြစ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

### ဆောက်လုပ်ရေးကုမ္ပဏီများနှင့် Cash Flow

FIDIC မှ Cash Flow ပြေလည်စေမည့် နည်းလမ်းများ အကြံပြုထားသော်လည်း မြန်မာနိုင်ငံအခြေအနေနှင့် တိုက်ရိုက်မကိုက်ညီနိုင်ပါ။ လစာလျှော့ပေးရေး၊ စက်ငှားရမ်းခများ လျှော့ပေးရေး၊ ရုံးခန်းနှင့် အခြားငှားရမ်းခများ လျှော့ပေးရေးအတွက် သက်ဆိုင်ရာဝန်ထမ်းများ၊ ပိုင်ရှင်များနှင့် ညှိနှိုင်း၍ ရနိုင်သော်လည်း လည်ပတ်ငွေအတွက် ဘဏ်ဂျက်ချေးငွေကို မှီခိုရမည့်အခြေအနေရှိနေသည်။ ယခုအချိန်တွင် ရှယ်ယာများ ထုတ်ရောင်းခြင်းဖြင့် ပြေလည်မှုမရနိုင်ပါ။ အစိုးရ၊ ကန်ထရိုက်လုပ်ငန်းများတွင် ဆောင်ရွက်နေသူများအတွက် လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ ငွေကြေး မြန်မြန်ဆန်ဆန် ထုတ်ယူမှုရအောင် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးကြရမည်ဖြစ်သလို စာချုပ်တွင်ပါရှိသည့် Performance Guarantee အပေါ်မူတည်၍ down payment ကြိုငွေပေးချေသည့် နည်းလမ်းဖြင့်လည်း ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ကြရပါမည်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည့် ဖြည့်စွက်ရန်ပုံငွေလုပ်ငန်းများ အမြန်ဆုံး တင်ဒါခေါ်ယူနိုင်ရန် လည်းကောင်း၊ လာမည့်ဇူလိုင်လတွင် စတင်မည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လုပ်ငန်းများကို သတင်းစာများတွင် တင်ဒါစတင်ကြော်ငြာနိုင်ရန် လည်းကောင်း ဌာနဆိုင်ရာများက အမြန်ဆုံးဆောင်ရွက်ကြရပါမည်။ CERP ပန်းတိုင် (၂)တို့ဖြင့်လည်း ပုဂ္ဂလိကလုပ်ငန်းများကို နိုင်ငံတော်အဆင့် ကူညီပေးရန်ရှိပါသည်။

### စည်းမျဉ်း၊ ဥပဒေ၊ မူဝါဒပြင်ဆင်မှုများ

ဘဏ်တိုးနှုန်းကို သုံးရာခိုင်နှုန်းအထိ လျှော့ချခြင်းသည် ငွေကြေးကဏ္ဍတွင် အထူးသိသာသည့် စည်းမျဉ်းပြင်ဆင်ပေးမှုဖြစ်သည်။ ထို့အတူ CERP တွင် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးလျက်ရှိနေပါသည်။ ဗီယက်နမ်နိုင်ငံတွင် ကွန်ဒိုမီနီယမ် ဥပဒေကို ဖြေလျှော့ပေးရန် စီစဉ်လျက် ရှိပါသည်။ မြန်မာနိုင်ငံ ကွန်ဒိုမီနီယမ် ဥပဒေကိုလည်း ကိုဗစ်-၁၉ အပြီးတွင် ပြင်ပအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်ရပါမည်။

### နိဂုံး

ကိုဗစ်-၁၉ ကြောင့် နေအိမ်/အိမ်ခန်း ဝယ်လိုမှုများ ရပ်တန့်သွားသည်။ ရင်းနှီးမြှုပ်နှံရန် ဝယ်မည့်သူများမရှိဘဲ အမှန်လိုအပ်၍ နေထိုင်မည့်သူများသာ ဝယ်မည့်အခြေအနေဖြစ်နေသည်။ ထိုသူများကလည်း ဈေးထပ်ကျဦးမည်ထင်၍ အခြေအနေကို စောင့်ကြည့်နေကြသည်။ ဘဏ်ချေးငွေ ရင်းနှီး၍ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူများအတွက် ဘဏ်တိုးရာခိုင်နှုန်း လျှော့ချပေးသည့်တိုင် ချေးငွေ ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိနေမည့် အခြေအနေဖြစ်သည်။ ဆောက်လုပ်ရေးဆိုင်ရာ စက်ယန္တရားများရောင်းချခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းများက လတ်တလော ရပ်ဆိုင်းနေသော်လည်း လာမည့် စက်တင်ဘာနှောင်းပိုင်းတွင် ပုံမှန်အခြေအနေ ပြန်ရောက်လာနိုင်ပါသည်။

P.P.P စီမံကိန်းများကို စည်းမျဉ်းများလျှော့ချ၍ ခွင့်ပြုပေးလျက်ရှိရာ ယခုအချိန်အခါသည် အနာဂတ်ကိုမျှော်၍ PPP လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရမည့်အချိန်အခါဖြစ်သည်။ အစိုးရလုပ်ငန်းနှင့် နိုင်ငံခြားချေးငွေ လုပ်ငန်းများတွင် တင်ဒါယှဉ်ပြိုင်ဆောင်ရွက်သူများကတော့ လက်ရှိအခြေအနေတွင် ကုန်ကြမ်းစုဆောင်းနိုင်မှုနှင့် ကျွမ်းကျင်လုပ်သား ခန့်ထားမှုတို့ကို ချိန်ဆဆောင်ရွက်ကြရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ကိုဗစ်-၁၉ ၏ သက်ရောက်မှုကြောင့် ဟိုတယ်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စက်မှုထုတ်ကုန်ကဏ္ဍတို့တွင် သက်ရောက်မှုကြီးစွာ ရှိခဲ့ပါသည်။ ဆောက်လုပ်ရေးကဏ္ဍတွင်တော့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့် အိမ်ခြံမြေကဏ္ဍတွင်သာ သက်ရောက်မှုကြီးနေပြီး ဆောက်လုပ်ရေးကုမ္ပဏီအများစုကတော့ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော်လည်း SME များဖြစ်သည့်အပြင် အစိုးရတင်ဒါလုပ်ငန်းများကို မှီခိုဆောင်ရွက်ခြင်းကြောင့် အခြားကဏ္ဍများကို ထိခိုက်သလောက် မပြင်းထန်ပါ။ လက်ရှိ တိုင်းပြည်၏ အလုပ်လက်မဲ့မြင့်မားမှု အခြေအနေကို ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့်လည်းကောင်း၊ PPP အစီအစဉ်ဖြင့် လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ဖြေရှင်းပေးနိုင်ပါသည်။ ။

# ဖြူးမြို့နယ် ထန်းကုန်းကျေးရွာ၌ မြစိမ်းရောင်အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်း



ဖြူး ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ထန်းကုန်းကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား သွားရောက်စစ်ဆေးခဲ့သည်။

**စတင်ဆောင်ရွက်**

ထန်းကုန်းကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ပြီး မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထုတ်ချေးပေးခဲ့ရာ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အတိုးရရှိငွေ ၂၃၅ ဒသမ ၁၁၇ သိန်းမှ ကျပ်သိန်း ၅၀ ကို ကျေးရွာမှ လုပ်အားထည့်ဝင်မှုဖြင့် ကွန်ကရစ်လမ်းခင်းခြင်းကို ရွာတွင်းလမ်း အရှည် ၂၆၃ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ရှစ်လက်မဖြင့် ဧပြီ ၆ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။

"နွေရာသီတွင် ကျေးရွာလမ်းမှာ ဖုန်ထူထပ်ပြီး မိုးရာသီတွင် ရွှံ့ဗွက်များခြင်းကြောင့် သွားလာရခက်ခဲပါတယ်။ မြစိမ်းရောင်စီမံကိန်းကျေးရွာအဖြစ် ငါးနှစ်တာကာလမှာ ရရှိသောအတိုးငွေများဖြင့် ကွန်ကရစ်လမ်းခင်းလိုက်တော့ ကျွန်တော်တို့ရွာမှာရှိတဲ့ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စီးပွားရေး၊ လူမှုရေး အစစအရာရာ ပိုပြီးအဆင်ပြေလာတယ်" ဟု ထန်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်သန်းထွန်းက ပြောသည်။

မြို့နယ်(ပြန်/ဆက်)

## ဒေါ်သန်းစိန် (၇၈)နှစ်

(အထက-၂၊ ဒဂုံ၊ မူ/ပြ-ငြိမ်း)

ပခုက္ကူမြို့၊ ဗုဒ္ဓကုန်းကျွန်းနေ (ဦးကြီးမောင်-ဒေါ်ရှေ)တို့၏သမီး၊ ပခုက္ကူမြို့၊ လေးလံကျွန်းနေ (ဦးခ-ဒေါ်မကြီး)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ ဓမ္မစေတီလမ်းသွယ်၊ အမှတ်(၃၆၄)နေ ကိုသန်းလင်း-မနော်ထူးလွန်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ [ဦးသိန်းဝင်း (ပဲခူးတိုင်းစည်ပင်-ငြိမ်း)]၏ ချစ်လှစွာသော ဇနီးသည် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၀(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးမှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း ဒါယကာကြီး

## ဦးဝင်းဦး (လမ်းမတော်)

B.Sc (Zoology), 1975 Batch

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅) ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၁၅)နေ (ဦးလှမောင်-ဒေါ်ဖွားရှင်)တို့၏မြေး၊ (ဦးညဏ်-ဒေါ်စန်း)တို့၏သား၊ (ဦးအောင်ခိုင်-ဒေါ်ခင်နု)တို့၏သားသမက်၊ ဒေါ်နွဲ့အေးခိုင်(AB Pharmacy၊ မင်္ဂလာဈေး)၏ချစ်လှစွာသောခင်ပွန်း၊ မချိုမာဝင်း(USA)၊ မောင်ပြည့်ဖြိုး(Telenor, Myanmar)၊ Dr.စံပယ်ဝင်းအေးတို့၏ဖခင်၊ Dr. ဦးမြင့်-[ဒေါ်မြင့်မြင့်သန်း(ခေတ္တ-Philippines)]၊ ဦးနေဝင်း(တိုင်းချစ်ဆွေပွဲရုံ)-ဒေါ်ခင်ခင်နွယ်၊(ဦးဝင်းလွင်)-ဒေါ်တင်မိသန်းတို့၏ညီ/မောင်၊ Dr. တင်ထွဋ်-ပါမောက္ခ Dr. ဒေါ်သန်းသန်းအေး(Grand Hantha Hospital)၊ Dr. ဦးခင်-Dr.ဒေါ်ဇင်မာသက်(USA)၊ (ဒေါ်ခင်သန်းကြည်)၊ဦးကြိုင်စန်းရွှေ-ဗိုလ်မှူးကြီးဒေါ်ခင်ဝင်းစိန်(တပ်မတော်ဆေးရုံကြီး၊ ခုတင်-၁၀၀၀)၊ ဦးခိုင်လင်း-ဒေါ်ခင်ဝင်းမြင့်(USA)၊ ဦးမောင်မောင်ကြီး-ဒေါ်နီလာ၊ ဦးမြင့်ဇော်-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကို၊ တူ/တူမ ၁၇ ယောက်တို့၏ဦးလေးသည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၄၅ နာရီတွင် Grand Hanthaဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၂-လမ်းနေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း ဒါယကာကြီး

## ဦးဝင်းဦး (လမ်းမတော်)

B.Sc (Zoology)

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅) ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၁၅)နေ (ဦးလှမောင်-ဒေါ်ဖွားရှင်)တို့၏မြေး၊ (ဦးညဏ်-ဒေါ်စန်း)တို့၏သား၊ (ဦးအောင်ခိုင်-ဒေါ်ခင်နု)တို့၏သားသမက်၊ ဒေါ်နွဲ့အေးခိုင်(AB Pharmacy၊ မင်္ဂလာဈေး)၏ချစ်လှစွာသောခင်ပွန်း၊ မချိုမာဝင်း(USA)၊ မောင်ပြည့်ဖြိုး(Telenor, Myanmar)၊ Dr.စံပယ်ဝင်းအေးတို့၏ဖခင်၊ ဦးစိုးမြင့်-ဒေါ်ရီရီခိုင်၊ ဦးမြင့်ဆွေခိုင်-ဒေါ်ခင်စန်းသွဲ့၊ ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင်၊ ဦးသိန်းဇော်-ဒေါ်ခင်မြင့်ခိုင်၊ ဦးမြင့်အောင်ခိုင်-ဒေါ်သွဲ့သွဲ့ကြည်တို့၏ညီ/မောင်၊ တူ/တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၄၅ နာရီတွင် Grand Hanthaဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၂-လမ်းနေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေဒီမြင့်

### အသက် (၆၄) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ မြောက်အင်းရပ်နေ (ဦးပေါ်အေး)-ဒေါ်ကြင်မေ (ရာပြည့်ခနေ-ဆန်စက်)တို့၏သမီးကြီး၊ ကန့်ဘလူခရိုင်၊ ကိုးတောင်ဘို့၊ ကျွန်းကုန်းရပ်နေ (ဦးပု-ဒေါ်သိန်းကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်(ဆယ်မိုင်)၊ မြကန်သာလမ်း၊ ခြံအမှတ်(၉၉)နေ [ဒုဗိုလ်မှူးကြီးမင်းအောင်(လေ-ငြိမ်း)]၏ဇနီး၊ ကိုအောင်မြင့်မြတ် (Noble Dieboard Production)၊ ကိုနေမင်းအောင်(MAI)တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်မေဒီမြင့်သည် ၂-၆-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁:၃၅ နာရီတွင် အမှတ်(၂) ခုတင်(၅၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လွင်ဆန်း

(မြန်မာစာကျောင်းသားဟောင်း)

(ဟင်္သာတမြို့နယ်ဂီတအစည်းအရုံး-ဒု ဥက္ကဋ္ဌ)

(ဟင်္သာတမြို့လုံးဆိုင်ရာအင်္ဂပိုလမ်း နွေသံဃာ့ဒါနအသင်း၏အကျိုးတော်ဆောင်)

### အသက်(၆၁)နှစ်

ဟင်္သာတမြို့၊ လယ်တီကွင်းရပ်၊ အင်္ဂပိုလမ်းနေ ဒေါ်ခင်လှိုင်ကြူ (ကသစ်ပန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုလွင်နိုင်၊ မောင်ကောင်းထက်လွင်တို့၏ ချစ်လှစွာသောဖခင် ဦးကျော်လွင်ဆန်းသည် ၄-၆-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့ သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း) (BC-၂၁၉၂၉)(DSA-29)

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊
ပြည်တွင်းအခွန်များဦးစီးဌာန

### အသက်(၅၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နေ (ဦးသောင်းတင်)-ဒေါ်လှမြင့်တို့၏ သားကြီး၊ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နေ ဦးလှမြင့်-ဒေါ်မေရှင် တို့၏ သားသမက်၊ ဒေါ်ထားထားမြတ်မွန်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဇင်သန့်၊ မောင်လှိုင်မင်းအောင်တို့၏ဖခင် ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း)၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ပြည်တွင်းအခွန်များဦးစီးဌာန အသက်(၅၆)နှစ်သည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်၌ သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ပဲခူးမြို့၊ ရှင်စောပုအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၄)ရှိ နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညိုးငယ်သောစိတ်ထားဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း)(DSA-29)

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊
ပြည်တွင်းအခွန်များဦးစီးဌာန

### အသက် (၅၆) နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း) အသက် (၅၆)နှစ်သည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း)(DSA-29)

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊
ပြည်တွင်းအခွန်များဦးစီးဌာန

### အသက် (၅၆) နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း) အသက် (၅၆) နှစ်သည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း) (DSA-29)

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊
ပြည်တွင်းအခွန်များဦးစီးဌာန

### အသက်(၅၆)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်မင်း (ဗိုလ်မှူး-ငြိမ်း) အသက်(၅၆)နှစ်သည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးနှင့် ဝန်ထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး

## ဒေါ်ကြည် (ကျိုက်လတ်)

### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ အမှတ်(၆)၊ မဟာမြင့်မိုရ်လမ်းနေ (ဦးဖေမြင့်)-ဒေါ်ခင်သန်း၊ (ဦးမောင်မောင်ကြည်)-ဒေါ်တင်သန်း၊ ဦးမြင့်သန်း-(ဒေါ်သန်းသန်းမြင့်)၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းနွဲ့၊ ဦးဝင်းအောင်လှိုင်-ဒေါ်ခင်သီတာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၃ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြခိုင် (Mona)

ကထိက၊ ဌာနမှူး (အင်္ဂလိပ်စာဌာန-ငြိမ်း)
မော်လမြိုင်တက္ကသိုလ်

### အသက်(၈၁)နှစ်

မော်လမြိုင်မြို့နေ (ဦးဟုတ်တိတ်-ဒေါ်ဘိရှု)တို့၏ သမီးထွေး၊ (ဦးငွေအောင်)-ဒေါ်ခင်မေငွေ၊ (ဦးကြည်အေး-ဒေါ်ခင်စောနွယ်)၊ (ဦးချစ်မြိုင်-ဒေါ်မြနှင်း)၊ (ဦးအောင်ခင်)တို့၏ ညီမ၊ ဒေါက်တာဦးမွန်-ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာဦးနိုင်-ဒေါ်စန္ဒာမျိုး၊ ဒေါက်တာဦးဇော်ထွဋ်-ဒေါက်တာဒေါ်ယဉ်မွန်သန့်၊ ဒေါ်အေးမွန်၊ (ဦးထင်ကျော်)-ဒေါ်ယဉ်ယဉ်စိုးတို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်မြခိုင်သည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့)ညနေ ၄:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၂၆/၁၂၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် (ရေ-ငြိမ်း)

ဒုတိယဝန်ကြီး (ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန
ပြည်သူ့တရားသူကြီးအဖွဲ့ဝင် (ငြိမ်း)

### အသက် (၉၅) နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းဖေ-ဒေါ်ခင်ကြွေ)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်ခင်သန့်)တို့၏သားသမက်၊ ဒေါက်တာဒေါ်အေးကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဇော်မျိုးဦး-ဒေါ်သူဇာသန်း၊ ဒေါက်တာအောင်မျိုးမြင့်-ဒေါက်တာအေမီအောင်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မလင်းလဲ့ဦး(ခေတ္တ-USA)၊ မသန့်သစ္စာထက်(ခေတ္တ-Singapore)တို့၏ ချစ်လှစွာသောအဘိုးသည် ၃-၆-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်(၅၀၀) ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယကာကြီး

## ဦးတင်လှ

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ပြုပြင်ထိန်းသိမ်းရေးစက်ရုံ သံထည်/သစ်သားထည်ဌာန
အလုပ်ရုံစိတ်မှူး (ငြိမ်း)

### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၄၁)နေ (ဦးသန်းကြီး-ဒေါ်ညိုစိန်)တို့၏ သား၊ ဦးစိုးဝင်း-ဒေါ်မြသိန်း၊ (ဦးသင်းမောင်)တို့၏ညီ၊ဒေါ်အုန်းကြွယ်(တပ်မတော်ဆေးတက္ကသိုလ်-ငြိမ်း)၏ အစ်ကို၊ ဒေါ်ချောလှိုင်၏ခင်ပွန်း၊ ဦးမျိုးနိုင်(S.K.T-Company)-ဒေါ်မြမြဝင်း(Citymark)၊ ဦးလှနိုင်-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးငွေသန်း)၊ အရှင်ဦးဩဘာသ၊ ဦးလှိုင်မင်း-ဒေါ်စိန်စိန်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးတင်လှ အသက် (၇၆) နှစ်သည် ၄-၆-၂၀၂၀ ရက် နံနက် ၃:၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၆-၆-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

သစ်
တော
နဲ့
သစ်ပင်
ချစ်ခင်
တဲ့
လူမျိုး
သစ်ပင်
ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကို
စိုး

---

## ဦးကျော်တင့်

ရဲအုပ် CID-ငြိမ်း

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အမှတ်(ည/၃၁)၊ မင်္ဂလာလမ်းနေ ဒေါ်တင်သန်း၏ ခင်ပွန်း၊ ဦးကျော်မိုး-ဒေါ်ဆွေဇင်ညွှန့်၊ ဦးစိုးမိုး-ဒေါ်မာလာထူး၊ (ဦးမျိုးညွှန့်)-ဒေါ်မိမိကျော်တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက် တို့၏ အဘိုးသည် ၄-၆-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်တင်လှ

မိသားစုသစ်ခွဲစက်လုပ်ငန်း၊ တောင်ဥက္ကလာပ

### အသက် (၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၂၈၀/စီ)၊ အခန်း(၅၀၂)နေ (ဦးမောင်ကြီး-ဒေါ်စောညွှန့်)တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ ဗိုလ်ကြီးရဲဝင်း (ငြိမ်း)-ဒေါ်ခင်မြင့်မြင့်ဝင်း၊ ဦးဇော်ဝင်း၊ ဦးဇော်မင်း၊ [ဗိုလ်ကြီးသန်းထိုက်ဦး(ငြိမ်း)]-ဒေါ်တင်တင်မျိုး(ကထိက၊သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒုမှူးကြီးရဲဝင်းစိုး(ငြိမ်း၊ ဒုတိယမန်နေဂျင်းဒါရိုက်တာ၊ မန္တလေးဘရူဝါရီလီမိတက်)-ဒေါ်ဥမ္မာညို၊ ဦးဇော်လင်းအောင်-ဒေါ်နီနီအောင်တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၅-၂၀၂၀ (ကြာသပတေးနေ့)နံနက် ၇:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရာ၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်ဝင်း

### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးကျင်-ဒေါ်ခါ)၊ ပြည်ခရိုင်၊သဲကုန်းမြို့နယ်၊ ဝက်ပုတ်ကြို ပင်သာနေ (ဦးဘိုးငြိမ်း-ဒေါ်မြဂဲ)တို့၏ မြေး၊ ရန်ကုန်မြို့၊ အမှတ်(၃၃)၊ ရတနာလမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးမောင်လေး-ဒေါ်စန်းကြည်)တို့၏ သမီးကြီး၊ ဦးစိုးဝင်း၊ ဒေါ်သန်းသန်းငွေ၊ ဦးစိုးလင်း၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်အေးအေးဝင်း၊ ဦးစိုးသင်း၊ ဒေါ်ထွေးထွေးဝင်းတို့၏အစ်မကြီး ဒေါ်ကြည်ကြည်ဝင်းသည် ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဝင်း (ဆောက်လုပ်ရေး) (၆၀)နှစ်

ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)

အဆောက်အဦဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးသိန်းဝင်းသည် ၃၁-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန**
**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်**
**ဝန်ထမ်းမိသားစုများ**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး အစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၄

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး အဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ+၃ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၄

ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ+၃ စီးပွားရေးဝန်ကြီးများအထူးအစည်းအဝေးတို့ကို ယနေ့တွင် Video Conferencing ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ပါဝင်တက်ရောက်သည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖







## ကြေးမုံ ယနေ့ ဖတ်စရာ

၂၀၂၀ ပြည့်နှစ်အတွင်း e-Commerce Guidelines ထုတ်ပြန်သွားမည်

စာမျက်နှာ » ၈

ရောဂါကူးစက်မှုမြင့်တက်နေသည့် ဇဟိုအမေရိကနှင့် တောင်အမေရိကတို့အတွက် အလွန်အမင်း စိုးရိမ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ပြောကြား

စာမျက်နှာ » ၁၂

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅

# နိုင်ငံတော်အစိုးရ၏ စတုတ္ထတစ်နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်မည်

နေပြည်တော် ဇွန် ၄

နိုင်ငံတော်အစိုးရ၏ စတုတ္ထတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇) စုပေါင်းအစည်းအဝေးခန်းမ၌ ဇွန် ၈ ရက်မှစ၍ နောက်ဆက်တွဲပါအတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

**သတင်းရယူနိုင်**

သတင်းစာရှင်းလင်းပွဲများကို ကျင်းပသည့်ရက် မွန်းလွဲ ၁ နာရီတွင် စတင်သွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများနှင့်အညီ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ Mask နှင့် လက်အိတ်များဝေငှခြင်း၊ Social Distancing အတိုင်း သတင်းရယူနိုင်ရေးဆောင်ရွက်ခြင်း၊ အသုံးပြုသည့် ပစ္စည်းကိရိယာများ ဘေးကင်းလုံခြုံမှုရှိစေရန် စီမံခြင်းတို့ ဆောင်ရွက်ထားကြောင်း သိရသည်။

တက်ရောက်သတင်းရယူလိုသည့် သတင်းဌာနများအနေဖြင့် သတင်းဌာနတစ်ခုလျှင် နှစ်ဦးထက်မများ (သတင်းထောက်နှင့် ကင်မရာ) သတ်မှတ်ထားပြီး ရက်အလိုက် သတင်းရယူလိုသူများအနေဖြင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻

